www.lynnthaiknyunt.com

Success

## လင်းသိုက်ညွန့် (မြန်မာ့မြေ)

# မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်ခြင်း



ပန်းချီ - ရွှေမြတ်ထွန်း၊ ဒီဇိုင်း - ဇပိုင် ၀၉၂၆၃၆၈၀၀၀၆

## ပုံနှိပ်မှတ်တမ်း

# မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်ခြင်း

**လင်းသိုက်ညွန့် (မြန်မာ့မြေ)**

| | | |
|---|---|---|
| အကြိမ် | ★ | ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၇ |
| အုပ်ရေ | ★ | ၁၀၀၀ အုပ် |
| တန်ဖိုး | ★ | ၄၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | ★ | ဧပိုင် |
| မျက်နှာဖုံးပန်းချီ | ★ | ရွှေမြတ်ထွဋ် |
| ထုတ်ဝေသူ | ★ | ဒေါ်သင်းသင်းမွန် " သင်းစာပေ" အမှတ် - ၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက် လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | ★ | ဒေါ်ကြူကြူမြင့် (နှံ့သာစာအုပ်ချုပ်လုပ်ငန်း) |
| ပုံနှိပ်သူ | ★ | ဒေါ်မြင့်မြင့်တင် "မြင့်သိဂီအော့ဖ်ဆက်" အမှတ် - ၂၀၈၊ လမ်း -၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ★ | **Success** စာပေ ဖုန်း ၀၁-၅၀၃၁၇၂၊ ၀၉ ၈၆၂၈၅၉၄ |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း


လင်းသိုက်ညွှန့်(မြန်မာ့မြေ)
မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်ခြင်း။/လင်းသိုက်ညွှန့်၊ရန်ကုန်
သင်းသင်းမွန် (သင်းစာပေ) ပထမအကြိမ်၊ဇူလိုင်၊၂၀၁၇
၁၅၀ - စာ၊ ၂၁ - ၁၄ စင်တီ
(၁) မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်ခြင်း။

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ➤ မြန်မာ့စကားအနုပညာ (က) | ၂ |
| ➤ မြန်မာ့စကားအနုပညာ (ခ) | ၎ |
| ➤ မြန်မာ့စကားအနုပညာ (ဂ) | ၁၃ |
| ➤ မြန်မာ့စကားအနုပညာ (ဃ) | ၁၉ |
| ➤ မြန်မာ့စကားအနုပညာ (င) | ၂၄ |
| ➤ မြန်မာ့စကားအနုပညာ (စ) | ၂၉ |
| ➤ မြန်မာ့စကားအနုပညာ (ဆ) | ၃၄ |
| ➤ မြန်မာ့စကားအနုပညာ (ဇ) | ၃၉ |
| ➤ ရိုးသားဖြောင့်မတ်စွာ စီမံခန့်ခွဲခြင်း | ၄၄ |
| ➤ သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ | ၄၉ |
| ➤ သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ (ခ) | ၅၅ |
| ➤ သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ (ဂ) | ၆၀ |
| ➤ သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ (ဃ) | ၆၅ |
| ➤ သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ (င) | ၇၀ |
| ➤ သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ (စ) | ၇၄ |
| ➤ သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ (ဆ) | ၇၉ |

# မာတိကာ

စာမျက်နှာ

➤ မေတ္တာဖြင့် အောင်မြင်ခြင်း ၈၅

➤ ဉာဏ်တော်ကိုရွှယ်၊ ပရိယာယ် (ဝါ) မဟာဗျူဟာ ၉၁
(Strategy)

➤ ဘဝမော်ဒယ်လ်မြှင့်တင်ခြင်း ၉၇

➤ ရာမဇာတ်တော်မှရသော စီမံခန့်ခွဲမှုဆိုင်ရာအသိသုတများ ၁၀၄

➤ အလျှင်လိုသင့်၊ မလိုသင့် ၁၁၁

➤ လုံ့လဖြင့်ယှဉ်ပြိုင်၍. . . ဘဝကိုမြှင့်တင်ခြင်း ၁၁၇

➤ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် စာပေဖတ်ရှု
လေ့လာခြင်း (က) ၁၂၅

➤ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် စာပေဖတ်ရှု
လေ့လာခြင်း (ခ) ၁၃၁

➤ ပညာဖြင့် ဘဝကိုချဲ့ထွင်ခြင်း ၁၃၈

➤ အလယ်အလတ်လမ်းစဉ်ဖြင့် အောင်မြင်မှုကို
တည်ဆောက်ခြင်း ၁၄၅

# WRITER'S FAN CLUB

Let's go to writing, reading, Learning Society

အမည် ------------------------------------

အသက် ------------------------------------

ပညာအရည်အချင်း ------------------------------------

ကလောင်အမည်(ရှိပါက) ------------------------------------

နေရပ်လိပ်စာ ------------------------------------

------------------------------------------------------------

------------------------------------------------------------

(ဤပုံစံကိုမိတ္တူကူး၍လည်း ပေးပို့နိုင်ပါသည်။)


ပေးပို့ရန်လိပ်စာ

**Success** စာပေ - အမှတ် (J-7)၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၀၃၁၇၂၊ ၀၉ ၄၃၁၂၁၀၆၀၊ ၀၉ ၈၆၂၈၅၉၄

# စာရေးသူ၏အမှာစာ

## Writer's Message



ဤစာအုပ်သည် မြန်မာစာပေ၊ မြန်မာမှုဓလေ့ထုံးစံ ယဉ်ကျေးမှု အစဉ်အလာများ မှ ဘဝအောင်မြင်ရေးနှင့် စီမံခန့်ခွဲမှုရေးရာသဘောတရားများကို သုတေသနပြုလေ့လာ၍ အခွင့်အလမ်းဂျာနယ်တွင် အပတ်စဉ် ရေးသားဖော်ပြခဲ့သည့် ဆောင်းပါးများကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်စုစည်း၍ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဆောင်းပါးများကို အပတ်စဉ် ပုံမှန် ဖော်ပြပေးခဲ့သော အခွင့်အလမ်းဂျာနယ်မှ ဆရာကိုသန်းစိုးနှင့် အယ်ဒီတာအဖွဲ့ကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။ ယနေ့စာရေးသူတို့၏ နိုင်ငံသည် ဒီမိုကရေစီစနစ်သစ်ဖြင့် နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်နေချိန်ဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် နိုင်ငံတကာနှင့်ယှဉ်ပြိုင်ကြိုးစားကြရာတွင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်နိုင်စေရေးအတွက် ဤစာအုပ်အနေဖြင့် အုပ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပံ့ပိုးမှုဖြစ်စေရန် ရည်ရွယ်ပါသည်။ စာရေးသူ၏ စာပေများကို အစဉ်တစိုက်ဖတ်ရှုအားပေးခဲ့သည့် ချစ်စွာသော စာဖတ်ပရိသတ်ကြီးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းကို ဤစာအုပ်ဖြင့် ချစ်ခင်စွာ ဂါရဝပြုလိုက်ရပါသည်။

ချစ်ခင်စွာဖြင့်

လင်းသိုက်ညွန့် (မြန်မာ့မြေ)

(www.lynnthaiknvunt.com)



"စကားဟူသည် လူတို့နေ့စဉ်ထိတွေ့ သုံးစွဲနေရသည့် အနုပညာတစ်မျိုး ဖြစ်သည်။ နေ့စဉ်စာရေးသည့်သူမှာ ရှားပါးမည်ဖြစ်သော်လည်း နေ့စဉ် စကားပြောနေကြရသည်ကတော့ လူတိုင်းနီးပါးပင်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး နယ်ပယ်အသီးသီးတွင် ဤစကားပြောအနုပညာကို ပီပြင်ပြောင်မြောက်အောင် သုံးစွဲနိုင်သူတို့က ထိပ်တန်းသို့ရောက် ကြသည်။"

# မြန်မာ့စကားအနုပညာ (က)


စာရေးသူအနေဖြင့် ဘဝအောင်မြင်ရေး စာပေများကို တစိုက်မတ်မတ် ရေးသားဟောပြောခဲ့သည့် စာရေးဆရာတစ်ယောက် ဖြစ်သည်နှင့်အညီ ဘဝအောင်မြင်ရေးဆောင်းပါးများ၊ ဘဝအောင်မြင်ရေး စာအုပ်များကို အတော်များများ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ သို့သော် ရေးသားထုတ်ဝေခဲ့သည့် စာအုပ်အတော်များများမှာ အနောက်တိုင်းအောင်မြင်ရေး စာပေများကို မှီငြမ်းရေးသားခဲ့ခြင်း ဖြစ်ပြီး 'မင်္ဂလာရှိစွာ အောင်မြင်ခြင်း' ကဲ့သို့သော မင်္ဂလသုတ် (၃၈ဖြာမင်္ဂလာတရားတော်များ) ကို မှီငြမ်းကိုးကား ရေးသားခဲ့သော စာအုပ်များတော့ရှိပါသည်။

မကြာသေးမီက စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ်သွားရောက်ခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ကိုယ်တိုင်မြန်မာနိုင်ငံသည်လာမည့်နှစ် ၂၀အတွင်း စင်ကာပူကို ကျော်တက်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အတိအလင်းထုတ်ဖော်ပြောကြားခဲ့ရာ လူငယ်စာရေးဆရာတစ်ယောက်အနေဖြင့် များစွာအားတက်ရပါသည်။ မှန်ပါသည်။ ကြိုးစားလျှင်ဤလောကတွင် မဖြစ်နိုင်သည့်အရာဟူ၍ တစ်ခုမျှမရှိပါ။ မြန်မာတွေအားလုံးအတူတူ အလုပ်လုပ်ကာအားထုတ်ကြိုးစားကြလျှင် ကမ္ဘာတွင်မြန်မာ၏ ရောက်သင့်ရောက်ထိုက်သည့်နေရာသို့ ပြန်လည်ရောက်ရှိလာမည်မှာ အသေအချာပင်ဖြစ်ပါသည်။ စာရေးသူတို့၏ နောင်လာ မည့်မျိုးဆက် မြန်မာလူငယ်များကို ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုလက်ဆင့်ကမ်းပေးနိုင်ရေး အတွက် စာရေးသူတို့မြန်မာတွေအားလုံးမတူတာတွေအတူနေကာ အလုပ်ကို နှစ်ဆတိုးကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။ ယင်းသို့ ကြိုးစားအားထုတ်ရာ၌ အုတ်တစ်ချပ်သဲတစ်ပွင့် ဖြစ်စေရေးအတွက် မြန်မာ့အစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှုများထဲမှ အောင်မြင်ရေး သဘောတရားနည်းနာများ ကို ရှာဖွေလေ့လာဖော်ထုတ်ကာ ဤ 'မြန်မာနည်းမြန်မာ့ဟန်ဖြင့် အောင်မြင်ခြင်း' ဆောင်းပါးစုများကို ရေးသားရခြင်းဖြစ်ပါသည်။

## မြန်မာ့စကားအနုပညာ

**စကားဟူသည် လူတို့နေ့စဉ်ထိတွေ့သုံးစွဲနေရသည့် အနုပညာ တစ်မျိုးဖြစ်သည်။ နေ့စဉ်စာရေးသည့်သူမှာ ရှားပါးမည်ဖြစ်သော်လည်း နေ့စဉ်စကားပြောနေကြရသည်ကတော့ လူတိုင်းနီးပါးပင်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်အသီးသီးတွင်၎င်းစကားပြော အနုပညာကို ပီပြင်ပြောင်မြောက်အောင်သုံးစွဲနိုင်သူတို့က ထိပ်တန်းသို့ ရောက်ကြသည်။** စကားဟူသည်တစ်ဦးနှင့် တစ်ဦးကို ဆက်စပ်ပေး သည့်အဆက်အစပ် သဖွယ်လည်းဖြစ်သည်။ အကယ်၍ လူသား တို့တွင်စကားဟူ၍ မရှိပါက လူတစ်ဦးနှင့်တစ်ဦး အဆက်အစပ် အတော်လေးပြတ်တောက်သွားမည်ဖြစ်ပါသည်။




ဖော်ပြပါပုံအတိုင်းလူတစ်ဦးနှင့်တစ်ဦးစကားပြောဆိုလိုက်တိုင်း ၎င်းတို့ ၏စိတ်တွင်

- အတွေး

- အထင်အမြင်

- ခံစားမှု

-နားလည်မှု စသည်တို့ပေါ်ပေါက်လာရာ ယင်းအရာများက အဆိုပါ လူနှစ်ဦးအကြား အဆက်အစပ်ကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။

ဘဝတွင် အောင်မြင်မှုရရှိလိုသူတစ်ဦးအနေဖြင့် စကားအနုပညာကို ပြောင်မြောက်စွာပိုင်နိုင်ကျွမ်းကျင်ထားဖို့လိုအပ်သည်။ ဥပမာ - စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်မည်ဆိုပါစို့။ မိမိစီးပွားရေး၏ ဝယ်သူဖြစ်လာမည့် သူများကို ကုန်ပစ္စည်း၊ ဝန်ဆောင်မှုတစ်စုံတစ်ရာ မရောင်းချမီအဆိုပါ ဝယ်သူဖြစ်လာမည့် သူများနှင့် အဆက်အစပ်ကို မလွဲမသွေတည်ဆောက်ကြရမည်ဖြစ်ပါသည်။ အဆက်အစပ်မရှိဘဲ မည်သည့်အရာကိုမျှဆောင်ရွက်နိုင်မည်မဟုတ်ပါ။ စကားပြောဆိုခြင်းဖြင့်သာ အဆက်အစပ်ကို တည်ဆောက်နိုင်ကြမည် ဖြစ်သည်။



အဘယရာဇကုမာရ သုတ်၌မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အဘယမင်းသားကို လောက၌စကား ခြောက်ခွန်းရှိသည့်အနက်နှစ်ခွန်း သောစကားကိုသာ ပြောဆိုတော်မူကြောင်း(စကားခြောက်ခွန်း၊ လူဝယ် ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်) ဟောကြားတော်မူခဲ့ပါသည်။

# မြန်မာ့စကားအနုပညာ (၁)

ကမ္ဘာပေါ်တွင် အရေးဘာသာစကား (Written Language) ပေါင်း လေးထောင်ကျော်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။ အရေးရောအပြောပါပေါင်းလိုက်မည်ဆိုလျှင် စုစုပေါင်း ခန့်မှန်းခြေအားဖြင့် ခြောက်ထောင်ကျော်ခန့်ရှိမည်ဟုဆိုသည်။ ယင်းကဲ့သို့ ဘာသာစကားပေါင်းများစွာရှိသည့်အနက် မိမိတို့၏ မိခင်ဘာသာစကားသည် မိမိတို့၏စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်အညှို့ယူနိုင်ဆုံးဖြစ်သည်။ ဤသည်ကိုရေခြားမြေခြားတိုင်းတစ်ပါးနိုင်ငံများသို့ ရောက်ရှိပါက မိမိဘာသာစကားပြောသံကြားလိုက်ရသည့်အခါ ဖြစ်ပေါ်လာသည့် ဝမ်းသာပီတိကိုကြည့်ခြင်းအားဖြင့် ထင်ရှားသိသာ နိုင်ပါသည်။ သို့ဖြစ်၍ ဘဝတွင် အောင်မြင်လိုသူတစ်ဦး အနေဖြင့် တိုင်းတစ်ပါး ဘာသာစကားများကို မည်မျှပင်ကျွမ်းကျင်တတ်မြောက်နေသည်

ဖြစ်ပါစေ မိမိတို့၏မိခင်ဘာသာစကားကို ကျွမ်းကျင် ပိုင်နိုင်ပြောင် မြောက်စွာ ပြောဆိုနိုင်ဖို့လိုအပ်ပါသည်။

**'အောင်မြင်ချင်လျှင် မည်ကဲ့သို့ စကားမျိုးကို ပြောရမည်နည်း'**

စကားဆိုသည့် အရာကလွန်စွာကျယ်ပြန့်နက်ရှိုင်းလှသည်။ ဘာသာစကားတစ်ခုတွင် အရေးနှင့် အပြော(သို့မဟုတ်) စကားဟူ၍ နှစ်မျိုးရှိရာ၌ စာရေးသူတို့အနေဖြင့် နေ့တိုင်းစာရေးသားမနေရသော် လည်း နေ့စဉ်နေ့တိုင်းစကားပြောဆိုနေကြရသည်။ သို့ဖြစ်၍ နေ့စဉ် နေ့တိုင်းဆိုသလို ပြောဆိုနေကြရသည့် စကားကို ကောင်းမွန်မှန်ကန် ထိရောက်အောင် ပြောဆိုနိုင်ဖို့လိုသည်။ ယင်းနှင့်ပတ်သက်၍ **အဘယရာဇကုမာရ သုတ်၌မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အဘယမင်းသားကို လောက၌စကားခြောက်ခွန်းရှိသည့်အနက်နှစ်ခွန်း သောစကားကိုသာပြောဆိုတော်မူကြောင်း(စကားခြောက်ခွန်း၊ လူဝယ် ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်)ဟောကြားတော်မူခဲ့ပါသည်။**

**'စကားခြောက်ခွန်း၊ လူဝယ်ထွန်း၊ လေးခွန်းကိုယ်ပယ်၊ နှစ်ခွန်းတည်'**

(က) မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်လည်းမစပ်၊ သူတစ်ပါးတို့လည်းမနှစ် သက်၊ မနှစ်မြို့က်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် ပြောဆိုတော်မမူ။

(ခ) ဟုတ်မှန်၏ အကျိုးစီးပွားနှင့်ကားမစပ်၊ သူတစ်ပါးတို့လည်း မနှစ်မြို့က်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် ပြောဆိုတော်မမူ။

(ဂ) ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်လည်းဆက်စပ်၏။ သူတစ်ပါးတို့ကား မနှစ်သက်၊ မနှစ်မြို့က်၊ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအား လျော်စွာ ပြောဆိုတော်မူ၏။

(ဃ) မဟုတ်မမှန်၊ အကျိုးစီးပွားနှင့် မစပ်။ သူတစ်ပါးတို့ကားနှစ်သက်၏၊ နှစ်မြို့က်၏၊ ထိုစကားမျိုးကိုလည်းမြတ်စွာဘုရားသည် ပြောဆိုတော် မမူ။

(င) ဟုတ်မှန်၏။ အကျိုးစီးပွားနှင့် မဆက်စပ်။ သူတစ်ပါးတို့ကား နှစ်သက်၏ နှစ်မြို့က်၏။ ထိုစကားမျိုးကိုလည်းမြတ်စွာဘုရားသည် ပြောဆိုတော်မမူ။

(စ) ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်စပ်၏။ သူတစ်ပါးတို့လည်းနှစ်သက် ၏။နှစ်မြို့က်၏။ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆိုတော်မူ၏။

ဖော်ပြပါအရ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအနေဖြင့် စကားပြောဆိုရာ၌ တိုင်းတာသည့်ပေတံ (၃)ချောင်းရှိသည်ဟု မှတ်ယူနိုင်သည်။

| ဟုတ်မှန်ခြင်း | မဟုတ်မှန်ခြင်း |
|---|---|
| ✓ | ✗ |
| အကျိုးစီးပွားနှင့် ဆက်စပ်ခြင်း | အကျိုးစီးပွားနှင့် မဆက်စပ်ခြင်း |
| ✓ | ✗ |
| သူတစ်ပါး နှစ်သက်ခြင်း | သူတစ်ပါး မနှစ်သက်ခြင်း |
| ✓ | ✗ |

အဆိုပါပေတံ(၃)ချောင်းဖြင့် တိုင်းတာ၍ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးပြောဆိုသော စကားမှာ-

| ဟုတ်မှန်၏ | အကျိုးစီးပွားနှင့် ဆက်စပ်၏ | သူတစ်ပါး မနှစ်သက် |
|---|---|---|
| ✓ | ✓ | ✗ |

ဤကဲ့သို့စကားမျိုးကိုပြောဆိုတော်မူ၏။

| ဟုတ်မှန်၏ | အကျိုးစီးပွားနှင့် ဆက်စပ်၏ | သူတစ်ပါး နှစ်သက် |
|---|---|---|
| ✓ | ✓ | ✓ |

ဤကဲ့သို့ စကားမျိုးကို ပြောဆိုတော်မူ၏။ သို့ဖြစ်၍ဘဝတွင် အောင်မြင်လိုသူတစ်ယောက်အနေဖြင့် ဟုတ်မှန်၍ အကျိုးစီးပွားနှင့်ဆက်စပ်သော စကားမျိုးကို များစွာပြောဆိုရန်လိုအပ်ကြောင်း မှတ်ယူနိုင်ပါသည်။



"ဟိတ်(အကြောင်းအရင်းစိုးမိုးမှု)သည်အောင်မြင်သော စကား ပြောဆိုမှုတစ်ခု ဖြစ်စေရေးအတွက် များစွာ အရေးပါလှသည်။ ပြောဆိုသူအနေဖြင့် မိမိပြောဆိုမည့် အကြောင်းအရာနှင့် ပတ်သက်၍ ကောင်းမွန်စွာ ကျွမ်းကျင်ပိုင်နိုင်နေဖို့လိုအပ်သလို မိမိပြောဆိုမည့် အကြောင်းအရာပေါ်ကိုလည်း အပြည့်အဝယုံကြည်မှု ရှိဖို့လိုအပ်သည်။"

# မြန်မာ့စကားအနုပညာ (၈)

မြန်မာယဉ်ကျေးမှု နယ်ပယ်တွင် စကားအင်္ဂါ(၆)ပါးဟူ၍ရှိသည်။ ဘဝတွင်အောင်မြင်လိုသူတစ်ဦးအနေဖြင့် စကားပြောဆိုရာတွင် ယင်းစကားအင်္ဂါ(၆)ပါးနှင့် ညီညွတ်ပြည့်စုံစွာပြောဆိုနိုင်အောင် အားထုတ်ကြိုးစားရမည်ဖြစ်သည်။ ယင်းစကားအင်္ဂါ (၆) ပါးမှာ -

(၁) ဟိတ် = အကြောင်းအရင်းစိုးမိုးမှု

(၂) ဥပမာ = ပုံခိုင်းနှိုင်းယှဉ်ချက်

(၃) နိဂုံး = စကားအချုပ်

(၄) နိဒါန်း = စကားအချီး

(၅) သက်သေ = အကြောင်းအရာဝတ္ထု သာဓကတင်ပြခြင်း

(၆) ပြယုဂ် = မျက်မြင်ဒိဋ္ဌပြခြင်း

တို့ဖြစ်သည်။

(၁) ဟိတ် - အကြောင်းအရင်းစိုးမိုးမှု

ဟိတ်(အကြောင်းအရင်းစိုးမိုးမှု)သည်အောင်မြင်သောစကားပြောဆိုမှုတစ်ခုဖြစ်စေရေးအတွက်များစွာအရေးပါလှသည်။ ပြောဆိုသူအနေဖြင့် မိမိပြောဆိုမည့်အကြောင်းအရာနှင့် ပတ်သက်၍ ကောင်းမွန်စွာကျွမ်းကျင်ပိုင်နိုင်နေဖို့လိုအပ်သလို မိမိပြောဆိုမည့် အကြောင်းအရာပေါ်ကိုလည်း အပြည့်အဝယုံကြည်မှုရှိဖို့လိုအပ်သည်။ ပြောဆိုသူ၏ ပုံပန်းသဏ္ဌာန်၊ ပြောဆိုပုံ၊ လေယူလေသိမ်း၊ မျက်နှာအမူအရာ၊ အပြင်အဆင်၊ ဝတ်စားဆင်ယင်မှု စသည်တို့ကလည်းဟိတ် (အကြောင်းအရင်းစိုးမိုးမှု) အပေါ်သို့များစွာဆက်စပ်လွှမ်းမိုးသက်ရောက်မှုရှိသည်။

ဈေးကွက်ရှာဖွေမှု (Marketing)သဘောတရားအရလည်းဝယ်သူများ သည်၎င်းတို့ပိုက်ဆံငွေကြေးများစွာပေးရမည့်သူကိုကောင်းမွန်စွာ သို့မဟုတ် ပရော်ဖက်ရှင်နယ်ပီသစွာ ဝတ်စားဆင်ယင်ထားစေလိုကြသည်ဟုဆိုသည်။ ဥပမာ- စာရှူသူအနေဖြင့် စားသောက်ဆိုင်အသစ်တစ်ဆိုင်ထဲသို့ ဝင်သွားသည်ဆိုပါစို့။ စားပွဲထိုးတစ်ယောက်ကိုခေါ်လိုက်သည့်အခါ အဆိုပါစားပွဲထိုးအနေဖြင့် မသပ်မရပ်ဝတ်စားထားလျှင် စာရှုသူအနေဖြင့် အဆိုပါစားသောက်ဆိုင်အပေါ်ကို မည်သို့ရှုမြင်မည်နည်း။ ထိုသို့မဟုတ်ပဲ အဆိုပါ စားပွဲထိုးအနေဖြင့် သေသပ်သပ်ရပ်စွာ ဝတ်စားဆင်ယင်ထားပါက အဆိုပါစားသောက်ဆိုင်အပေါ်သို့ မည်သို့

ရှုမြင်မည်နည်း။ ဝတ်စားဆင်ယင်အပြင်အဆင်ကလည်း ဟိတ်အပေါ်ကိုလွှမ်းမိုးသက်ရောက်မှုရှိပါသည်။

## (၂) ဥပမာ - ပုံခိုင်းနှိုင်းယှဉ်ချက်

ဥပမာ (ပုံခိုင်းနှိုင်းယှဉ်ချက်)ကလည်းစကားပြောဆိုမှုအတွက်များစွာအထောက်အကူပြုစေနိုင်သည်။ ကာလဒေသ၊ အခြေအနေအချိန်အခါအလိုက်ထိရောက်မှန်ကန်စွာ ပုံခိုင်းနှိုင်းယှဉ်ပြောဆိုနိုင်ပါကအောင်မြင်သောစကားပြောဆိုမှုကို ဖြစ်ထွန်းစေနိုင်သည်။ ဥပမာ-မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သတ္တဝါများကိုတရားဟောဖော်ညွှန်ကြားပြသတော်မူရာ၌ သိလွယ်၊ မြင်လွယ်၊ သဘောပေါက်လွယ်သည့် ဥပမာများကိုပေးကာ ဟောကြားတော်မူလေ့ရှိသည်။ ယင်းကို ပိုမိုထင်ရှားစေရန် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် ' ကာသိဘာရဒွါဇ ပုဏ္ဏား' တို့ပြောဆိုကြသောစကားကိုသာဓက အဖြစ်တင်ပြလိုပါသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် မာဂဓတိုင်း၊ ဧကနာဠမည်သော ပုဏ္ဏားရွာ၌ သီတင်းသုံးတော်မူသည်။ ထိုအခါကကာသိဘာရဒွါဇပုဏ္ဏားသည်လယ်လုပ်သားတို့အားထမင်းကျွေးနေချိန်တွင် မြတ်စွာဘုရားက ဆွမ်းအလို့ငှာ ရပ်သည့်အခါပုဏ္ဏားက " ရဟန်း ငါသည်ထွန်လည်းထွန်၏၊ စိုက်ပျိုးလည်းစိုက်ပျိုး၏။ ထွန်ပြီး၍လည်းကောင်း၊

စိုက်ပျိုးပြီး၍လည်းကောင်းစား၏။ ရဟန်းသင်လည်းထွန်လော့၊ စိုက်ပျိုးလည်းစိုက်ပျိုးလော့၊ ထွန်ပြီလျှင်လည်းကောင်း၊ စိုက်ပျိုးပြီး၍ လည်းကောင်းစားပါလော့"

"ပုဏ္ဏားငါသည်လည်း ထွန်လည်းထွန်၏။ စိုက်ပျိုးလည်း စိုက်ပျိုး၏။ထွန်ပြီး၍လည်းကောင်း၊စိုက်ပျိုးပြီး၍လည်းကောင်းစား၏။"

"ငါတို့သည် အရှင်ဂေါတမ၏ ထမ်းပိုးကိုလည်းကောင်း၊ ထွန်သွားကို လည်းကောင်း၊ နှင်တံကိုလည်းကောင်း၊ ခိုင်းနွားကိုလည်းကောင်း မမြင် ကြပါကုန်။ သင်သည် လယ်သမားဟုဝန်ခံဘိ၏။ သင်၏လယ်ထွန်မှုကို ငါတို့မမြင်ရ။ သင်၏ လယ်ထွန်မှုကို ငါတို့သိနိုင်လောက်သောနည်းဖြင့် သင်ဖြေဆိုပါလော့"

" ငါ၏ သဒ္ဓါသည် မျိုးစေ့မည်၏။ ငါ၏ကြွနေ့ကိုစောင့်စည်းမှုသည် မိုးရွာခြင်းမည်၏။ ငါ၏ပညာသည်ထမ်းပိုးနှင့် ထွန်တုံးမည်၏။ ငါ၏ မကောင်းမှု၌ ရှက်ကြောက်မှုသည် ထွန်တံမည်၏။ ငါ၏အောက်မေ့ မှုသတိသည် ထွန်သွားနှင့် နှင်တံမည်၏။"

"သင်သည်လယ်ကိုစောင့်ရှောက်သကဲ့သို့ ငါသည်လည်းကိုယ်ကို စောင့်ရှောက်၏။ နှုတ်ကို စောင့်ရှောက်၏။ အာဟာရ၌ အသက်မွေး မှုစင်ကြယ်စေရန်စောင့်ရှောက်၏။ ဝမ်း၌အတိုင်းအရှည်ကိုသိရန် စောင့်ရှောက်၏။ မှန်သောစကားဖြင့် ချွတ်ယွင်းသောစကားတို့ ဟူသော ပေါင်းမြက်ကို ဖြတ်တောက်ပယ်နုတ်၏။ ငါ၏ ဝီရိယသည်

ဝန်ကိုဆောင်သောသွားမည်၏။ ပုဏ္ဏား ဤသို့သောအခြင်းအရာအားဖြင့် ဤလယ်ထွန်ခြင်းသည် နိဗ္ဗာန်ဟူသော အသီးအနှံရှိ၏။ ထိုလယ်ထွန်ခြင်းကိုထွန်ပြီးသော ကြောင့် ဆင်းရဲအားလုံးမှလွတ်၏"



"ဘဝတွင် အောင်မြင်မှုရရှိလိုသူ တစ်ဦးအနေဖြင့် စကားပြောဆိုရာတွင် အသံကို ပီသကြည်မြစွာ ပြောဆို နိုင်ဖို့လိုအပ်သည်။"

# မြန်မာ့စကားအနုပညာ (ဃ)

**(၃) နိဂုံး - စကားအချုပ်**

နိဂုံးဟူသည် ပြောဆိုသည့်စကားရပ်တစ်ခုလုံး၏ အနှစ်ချုပ် အဓိကအပိုင်းဖြစ်ပြီး မိမိဆိုလိုရာ၊ ဖြစ်လိုရာကိုပိုင်နိုင်စွာပြောဆိုနိဂုံးချုပ် နိုင်ဖို့လိုအပ်သည်။

**(၄) နိဒါန်း - စကားအချီး**

နိဒါန်းဟူသည်ကလည်း နိဂုံးအတိုင်းပင်အခရာကျသည်။ မိမိပြောဆိုမည့်အကြောင်းအရာကိုတစ်ဖက်သားစိတ်ပါဝင်စားမှုရှိလာအောင် ဆွဲဆောင်ပြောဆိုနိဒါန်းချီနိုင်ဖို့လိုအပ်သည်။ စကားအချီး သို့မဟုတ် စကားအဖွင့်နိဒါန်းကို အံ့သြစရာအကြောင်းအရာ၊ ကိန်းဂဏန်း အချက်အလက်၊ ရယ်မောဖွယ်ဟာသ၊ ဇာတ်ကွက်၊ ဇာတ်လမ်း စသည်တို့ဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် စတင်နိုင်သည်။

**(၅) သက်သေ - အကြောင်းအရာဝတ္ထုသာဓကတင်ပြခြင်း**

သက်သေသာဓက အကြောင်းအရာကလည်း စကားပြောဆိုရာတွင်များစွာအရာရောက်အရေးပါလှသည်။ လူတို့သည် ၎င်းတို့ကြားသိရသောစကားတစ်ရပ်ကို သက်သေသာဓက အကြောင်းအရာကိုကြည့်၍ ဆန်းစစ်ဝေဖန်၍ ယုံကြည်သင့်၊ မယုံကြည်သင့် စဉ်းစားဆုံးဖြတ်လေ့ရှိကြသည်။ သို့ဖြစ်၍ မိမိပြောဆိုမည့် အကြောင်းအရာကို လေးနက်ခိုင်မာပံ့ပိုးစေနိုင်မည့်သက်သေ သာဓကအကြောင်းအရာများထည့်သွင်းပြောဆိုသင့် ပါသည်။

**(၆) ပြယုဂ် - မျက်မြင်ဒိဋ္ဌပြခြင်း**

မိမိပြောဆိုသည့် အကြောင်းအရာကိုလက်တွေ့မျက်မြင်ဒိဋ္ဌ လုပ်ဆောင်ပြသပြောဆိုနိုင်ပါက အကောင်းဆုံးနှင့် အထိရောက်ဆုံး ဖြစ်သည်။

ဝါကျဖွဲ့နည်းကိုလိုက်၍ ဘာသာစကားများကို လေးမျိုးခွဲခြားနိုင်သည်။ ယင်းတို့မှာ-

(၁) ဧကဝဏ္ဏဘာသာစကား

(၂) ကိုယ်တွင်းပြည့်ဘာသာစကား

(၃) ပူးတွဲဘာသာစကား

(၄) ရုပ်ပြောင်းဝိဘတ်သွယ်ဘာသာစကားတို့ဖြစ်ပြီး မြန်မာဘာသာသည် ဧကဝဏ္ဏဘာသာစကားအမျိုးအစားဖြစ်သည်။

ကေဝဏ္ဏဆိုသည်မှာ ကျောင်း၊ လူ၊ မြစ်၊ မြန်၊ နေ့၊ သွား စသည်ဖြင့် စကားလုံးတစ်လုံးတစ်သံထွက်ပြီး အက္ခရာတစ်လုံးလျှင် အနက် အဓိပ္ပါယ်တစ်ခုရှိသောကြောင့်ဖြစ်သည်။ သို့သော် မြန်မာဘာသာ စကားထဲတွင် ပူးတွဲဘာသာစကား၊ ရုပ်ပြောင်း ဝိဘတ်သွယ်ဘာသာ စကားများကိုလဲတွေ့မြင်နိုင်သည်။

**အောင်မြင်လိုလျှင် အသံကို ပီသကြည်မြစွာ ပြောနိုင်ရမည်**

**ဘဝတွင်အောင်မြင်မှုရရှိလိုသူတစ်ဦးအနေဖြင့် စကားပြောဆို ရာတွင် အသံကို ပီသကြည်မြစွာ ပြောဆိုနိုင်ဖို့လိုအပ်သည်။** ဥပမာ - ' သားပေါက်' ဆိုသည့်စကားလုံးကို ပုံမှန်အသံထွက် ရွတ်ဆိုပါက ဝက်သားပေါက်၊ ငှက်သားပေါက် စသည်ဖြင့် အဓိပ္ပါယ်ရပြီး 'သဘောက်' ဟုအသံလေးဖြင့် အသံထွက်ပါက ' ကျွန်' ဟုအဓိပ္ပါယ်ရသည့် သဘောဖြစ်သည်။

**စကားအင်္ဂါငါးပါး**

အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်၊ စတုက္ကပဏ္ဏာသက၊ ဗြဟ္မာဏ ဝဂ်ဝါစာသုတ်တွင် စကားအင်္ဂါငါးပါးကို ယခုလိုပြဆိုရှင်းလင်းပြထား သည်။


(၁) အခါကာလအားလျော်စွာပြောဆိုအပ်ခြင်း

(၂) မှန်ကန်သောစကားကိုပြောဆိုအပ်ခြင်း

(၃) သိမ်မွေ့သောစကားကိုပြောဆိုအပ်ခြင်း

(၄) အကျိုးစီးပွားနှင့် စပ်သောစကားကိုပြောဆိုအပ်ခြင်း

(၅) မေတ္တာစိတ်ဖြင့် ပြောဆိုအပ်ခြင်း




စကားအင်္ဂါ ငါးပါး

ယနေ့ခေတ်သည် ပြင်ပလောကများ၌သာမက မီဒီယာအမျိုးမျိုး၊ ဖေ့စ်ဘုတ်(Facebook)ကဲ့သို့အွန်လိုင်း (online)မီဒီယာများပေါ်တွင် ပါပြောစရာဆိုစရာ စကားအလွန်များသည့် ခေတ်ဖြစ်ရာမြန်မာနည်း မြန်မာ့ဟန်ဖြင့် အောင်မြင်လိုသူတစ်ယောက်အနေဖြင့် စကားပြောဆိုရာ၌ ဖော်ပြပါ စကားအင်္ဂါငါးပါးနှင့် အညီပြောဆိုနိုင်ပါက မလိုလားအပ်သော ပဋိပက္ခများကိုလျှော့ချနိုင်ပြီး တစ်စတစ်စတိုးတက် အောင်မြင်လာနိုင်မည်မှာ အသေအချာပင် ဖြစ်သည်။



“ဘဝအောင်မြင်တိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြရာ၌ တိုင်ပင်ဆွေးနွေးခြင်းကလည်းများစွာ အခရာကျလှသည်။ တိုင်ပင်ဆွေး နွေးခြင်းမှန်ကန်ပါက ဘဝအောင်မြင်ရေး အတွက်များစွာ အထောက် အကူပြုနိုင်သလို တိုင်ပင် ဆွေးနွေးမှု မှားယွင်းပါကလည်းဘဝ အောင်မြင်ရေးအတွက် များစွာအခက်အခဲအတားအဆီးဖြစ်စေနိုင် သည်။”

# မြန်မာ့စကားအနုပညာ (၄)

'အာလာပသလ္လာပ'

အာလာပ သလ္လာပပြောသည်စသဖြင့်စာရေးသူတို့တော်တော်များပြောဆိုသုံးစွဲလေ့ရှိကြသည်။ ထိုသို့ပြောဆိုသုံးစွဲကြရာ၌ ယင်းအာလာပသလ္လာပ၏ အဓိပ္ပါယ်ကိုသိရှိနားလည်သဘောပေါက်ဖို့လိုအပ်ပါသည်။

အာလာပ ဆိုသည်မှာ ချစ်စဖွယ်သာယာရှေးဦးစွာ ပြောဆိုသော သလ္လာပဆိုသည်မှာ မဆန့်မကျင်အသင့်အတင့်အညီအညွတ်ပြောဆိုသောစကားဖြစ်သည်။

စာရေးသူတို့အနေဖြင့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည့်အမှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်ကြရာ၌ ရှေးဦးစွာအညီအညွတ်ပြောဆိုရသည့် အာလာပသလ္လာပ စကားများကိုမှန်ကန်ကောင်းမွန်

ထိရောက်စွာပြောဆိုနိုင်ကြဖို့ လိုအပ်ပါသည်။ အာလာပသလ္လာပကို မှန်ကန်ကောင်းမွန်စွာပြောဆိုနိုင်လျှင် မိမိတို့၏ လုပ်ငန်းဆောင်တာများ အောင်မြင်ပြီးမြောက်နိုင်သည့် သဘောဖြစ်သည်။ လူသည်ဆက်ဆံရေး သတ္တဝါဖြစ်သည့်အလျောက် ကုန်ပစ္စည်း၊ ဝန်ဆောင်မှု စသည်တို့ကို ဝယ်ယူခြင်းမဟုတ်ဘဲ လူကိုလူကဝယ်ယူ သည့် သဘောဖြစ်သည်။ ဆိုလိုသည်မှာ စီးပွားရေးဆိုင်ရာ လုပ်ငန်း ဆောင်တာများ ဆောင်ရွက်ကြရာ၌ ဆက်ဆံရေးပေါ် ကို အခြေခံ၍ ရောင်းဝယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်ဆိုသည့် သဘော ဖြစ်သည်။

'တိုင်ပင်ဆွေးနွေးခြင်း'

**ဘဝအောင်မြင်တိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြရာ၌ တိုင်ပင်ဆွေးနွေးခြင်းကလည်းများစွာ အခရာကျလှသည်။ တိုင်ပင်ဆွေးနွေးခြင်းမှန်ကန်ပါက ဘဝအောင်မြင်ရေးအတွက်များစွာ အထောက်အကူ ပြုနိုင်သလို တိုင်ပင်ဆွေးနွေးမှု မှားယွင်းပါကလည်းဘဝအောင်မြင်ရေးအတွက် များစွာအခက်အခဲအတားအဆီးဖြစ်စေနိုင်သည်။**

မိလိန္ဒပညာ၌ မတိုင်ပင်အပ်ရာအရပ်ရှစ်ပါးကို ယခုလိုဖော်ပြထားသည်။

**မတိုင်ပင်အပ်ရာ အရပ်ရှစ်ပါး**

(၁) မညီမညွတ်ရာအရပ်၌ တိုင်ပင်သော်အကျိုးသည် ပြန့်ကျဲ၍၊ လွင့်စဉ်၍၊ လျှော့ကျ၍၊ မပြီးမမြောက်နိုင်။

(၂) ဘေးရှိရာအရပ်၌ စိတ်နှလုံးတုန်လှုပ်၍။ စိတ်နှလုံးတုန်လှုပ်သော် ကောင်းမွန်မှန်ကန်သော အကျိုးကိုမမြင်နိုင်။

(၃) အလွန်လေထန်သော အရပ်၌ အသံသည်မထင်ရှားနိုင်။

(၄) နံရံစသည် ဖုံးကွယ်ရာအရပ်၌ချောင်းမြောင်းနားထောင်သူတို့သည် လာတတ်ကုန်၏။

(၅) နတ်စင် နတ်ကွန်း၌ တိုင်ပင်သော်အကျိုးသည်နှောင့်နှေး လေးပင်စွာ သက်ရောက်၏။

(၆) ခရီးလမ်းမ၌ တိုင်ပင်သော်အကျိုးသည်အချည်းအနှီးဖြစ်တတ်၏။

(၇) စစ်မြေပြင် အရပ်၌တိုင်ပင်သော်လှုပ်ရှားခြင်းဖြစ်၏။

(၈) ရေဆိပ်၌ တိုင်ပင်သော် ပေါက်ကြားလွယ်၏။

မိမိတို့၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးကိစ္စများကို ကောင်းမွန်မှန်ကန်စွာ တိုင်ပင်နိုင်ပါမှ အောင်မြင်မှုများရရှိနိုင်မည်ဖြစ်သည်။ ထိုသို့တိုင်ပင်ရာ၌လည်း ယုံကြည်ထိုက်သူကိုတိုင်ပင်နိုင်ဖို့ အထူးအရေးကြီးသည်။ မယုံကြည်ထိုက်သူများကို တိုင်ပင်မိ၍ သတင်းအချက်အလက်များ ပေါက်ကြားကာ အကျိုးစီးပွားများ ပျက်စီးရသည့်သက်သေသာဓကများလည်းများစွာရှိသည်ဖြစ်ရာ ခမ္မသတ်ကျမ်းများအရ

ယုံကြည်ထိုက်သည့် သက်သေဆယ့်နှစ်ပါးကို ဖော်ပြပါအတိုင်းလေ့လာနိုင်သည်။

**'ယုံကြည်ထိုက်သည့် သက်သေဆယ်နှစ်ပါး'**

(၁) သီတင်းသီလရှိသောသူ

(၂) ရတနာသုံးပါးကို ရိုသေသောသူ

(၃) ဥစ္စာများ၍ သစ္စာစောင့်သူ

(၄) အမျိုးမြတ်သောသူ

(၅) လူအပေါင်းတို့ရိုသေသောသူ

(၆) သူတော်ကောင်းဖြစ်၍ စကားတည်မှန်သူ

(၇) ကောင်းကျိုး၊ မကောင်းကျိုးသိသူ

(၈) ထင်ရှားကျော်ကြားသူ

(၉) ကောင်းမှု၌ မွေ့လျော်သောသူ

(၁၀) သူတစ်ပါးဥစ္စာကို မလိုလားသူ

(၁၁) အမှုခပ်သိမ်းတို့၏ စီးပွားချမ်းသာကိုရှာသူ

(၁၂) မျက်နှာကြီးငယ်မငဲ့သူ



"ရေစီးကို ဖောင်ဖြင့် ဆန်တက်ရာတွင် တစ်ရှိန်ထိုး ဆန်တက်၍ မရဘဲမိမိလိုရာအရပ်ကို ဖြည်းဖြည်း မှန်မှန်ဆန်တက်ရသကဲ့သို့ စကားပြောဆိုရာတွင် လည်း ဥပမာ၊ ဥပမေယျများဖြင့် မိမိလိုရာသို့ ရောက်အောင် ဖြည်းဖြည်းချင်းပြောဆိုခြင်းမျိုး ဖြစ်သည်။"

# မြန်မာ့စကားအနုပညာ (၈)

မြန်မာမှုစကားနယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး စကားအပြိုင်အဆိုင် ပြောဆိုရာတွင်လည်းကောင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးကိစ္စရပ်များ တွင်မိမိစကားကိုသူတစ်ပါးနားဝင်အောင် ပြောဆိုရာတွင်လည်းကောင်း အသုံးပြုနိုင်သော ထင်ရှားသည့်စကားကြီး ဆယ်မျိုးရှိသည်။ ယင်းစကား ဆယ်မျိုးမှာ-

(၁) ရေကူးညာတင်စကား

(၂) ကောက်ပင်ရိတ်လှီးစကား

(၃) ရေစီးဖောင်ဆန်စကား

(၄) အိုးတန်ဆန်ခတ်စကား

(၅) ဆီပွတ်ကျည်ပွေ့စကား

(၆) ဆင်ဝှေ့ရန်ရှောင်စကား

(၇) တောင်သူယာခုတ်စကား

(၈) ကြက်ဆုတ်ခွပ်ပစ်စကား

(၉) ရေစစ်ကရားစကား

(၁၀) ခတ်တင်မောင်းနင်းစကားတို့ဖြစ်သည်။

### (၁) ရေကူးညာတင်စကား

မိမိရောက်လိုသော ဆိပ်ကမ်းသို့ ကူးလိုလျှင် ရေညာမှကြိုတင်ကူးရသကဲ့သို့ စကားပြောရာတွင်လည်း မိမိအလိုရှိသည့်အရာထက်ပိုမိုကြိုတင်၍ ပြောဆိုခြင်းမျိုးဖြစ်သည်။ ဥပမာ - အရောင်းအဝယ်ဈေးစကားပြောဆိုရာ၌ မိမိအမှန်တကယ်ရောင်းလိုသည့်ဈေးကသိန်းတစ်ရာဟုဆိုလျှင် ဈေးစကားကိုသိန်းတစ်ရာသုံးဆယ်လောက်မှစပြောပြီး ဝယ်သူမှတစ်စတစ်စဈေးဆစ်လာပါက သိန်းတစ်ရာ ဝန်းကျင်ရောက်မှ အရောင်းအဝယ်ဖြစ်အောင်ပြောဆိုခြင်းမျိုးဖြစ်သည်။

### (၂) ကောက်ပင်ရိတ်လှိုင်းစကား

စပါးကောက်ပင်ရိတ်လျှင် လက်နှင့်ကျစ်ကျစ်ဆုတ်ပြီး အရင်းမှဖြတ်လှိုင်းသကဲ့သို့ အခြားသူစကားမှအားနည်းချက်များကို စုစည်းကာအပိုင်ချုပ်ကိုင်၍ အနိုင်နှင့်ပိုင်းကာ ပြောဆိုခြင်းမျိုးဖြစ်သည်။ အထူးသဖြင့်ဤကဲ့သို့ ပြောဆိုခြင်းမျိုးကို တရားတဘောင်ရင်ဆိုင်ခြင်းမျိုး၊

စကားရည်လုခြင်းမျိုးတွင် အသုံးပြုကြပြီး မိတ်ဆွေအချင်းချင်းပြောဆို ရာ တွင် အသုံးမပြုသင့်ပေ။

ဥပမာ - စကားရည်လုပွဲတစ်ပွဲတွင် နည်းပညာတိုးတက်ခြင်း ကကောင်းသည်၊ နည်း ပညာ တိုးတက်ခြင်းက မကောင်းပါ စသဖြင့် တစ်ဖက်နှင့်တစ်ဖက် စကားရည် လုကြရာ၌ နည်းပညာတိုးတက်ခြင်း က ကောင်းသည် ဆိုသည့်ဘက်မှ အခြားတစ်ဖက်ကို "မိတ်ဆွေတို့ လက်မှာ နာရီတွေ ဝတ်ထားပါသလား" ဟုမေးရာ တစ်ဖက်မှ "ဝတ်ထား ပါတယ်" ဟုပြန် ဖြေရာ "ဘာဖြစ်လို့ နည်းပညာအသုံးပြုတဲ့နာရီကို ဝတ်ထားပါသလဲ၊ ကြက်ဖကြီးကို လည်ပင်းမှာဆွဲထားပါလား" စသည် ဖြင့် ပြောဆိုခြင်းမျိုးဖြစ်သည်။

**(၃) ရေစီးဖောင်ဆန်စကား**

**ရေစီးကို ဖောင်ဖြင့် ဆန်တက်ရာတွင် တစ်ရှိန်ထိုးဆန်တက်၍ မရဘဲမိမိလိုရာအရပ်ကို ဖြည်းဖြည်းမှန်မှန်ဆန်တက်ရသကဲ့သို့ စကားပြောဆိုရာ၀ွင်လည်း ဥပမာ၊ ဥပမေယျများဖြင့် မိမိလိုရာသို့ ရောက်အောင် ဖြည်းဖြည်းချင်းပြောဆိုခြင်းမျိုးဖြစ်သည်။**

ဥပမာ- လက်ကိုင်ဖုန်းအရောင်းဆိုင်တစ်ဆိုင်တွင် ဝယ်ယူသူ တစ်ဦးအနေဖြင့် ဈေးကြီးသည့် စမတ်ဖုန်းတစ်လုံးကို ဝယ်ယူရန် ဇဝေဇဝါဖြစ်နှောင့်နှေးနေရာ ရောင်းချသူအနေဖြင့်၄င်း လက်ကိုင် ဖုန်း၏ အမှတ်တံဆိပ် (Brand)ထက်ပိုမိုဈေးကြီးသည့် လက်ကိုင်ဖုန်း

များကို တစ်လုံးပြီးတစ်လုံးထုတ်ပြရှင်းပြ၍ ယှဉ်ပြကာ "တွေ့တယ် မဟုတ်လား ဒီဖုန်းက သူ့ထက်ဈေးအများကြီးကြီးတဲ့ ဖုန်းတွေမှာပါတဲ့ အတိုင်းလုပ်ဆောင်မှု (Function)တွေလည်းပါတယ်။ အဲဒီဖုန်းတွေနဲ့ ပုံစံ၊ အရောင်တွေကလည်းအတူတူပဲ ဘယ်လောက် တောင်ဈေး သက်သာသလဲ" စသဖြင့် ဥပမာများဖြင့်နှိုင်းယှဉ်ပြောဆို ရောင်းချရာ မူလကဝယ်ရမလို၊ မဝယ်ရမလို ဇဝေဇဝါဖြစ်နေသည့် ဝယ်သူအနေဖြင့် အဆိုပါဖုန်းကို ဝယ်ယူသွားခြင်းမျိုးဖြစ်သည်။



"ဘဝအောင်မြင်ရေး ကြိုးစားကြရာတွင်လည်း လောကဆီမှ ကိုယ်အလိုရှိရာကို ရဲရဲဝံ့ဝံ့ထပ်ကာထပ်ကာတောင်းဆိုရဲကြဖို့လိုသည်။ လောကကတစ်ကြိမ်တောင်းဆိုရုံမျှဖြင့် မိမိတို့အလိုရှိရာကိုတော်ရုံတန်ရုံမပေး၊ မိမိတို့ကထပ်ကာထပ်ကာ ဇွဲနပဲဖြင့်တောင်းဆိုရဲကြဖို့လိုသည်။ ကိုယ်အလိုရှိရာကိုတောင်းဆိုပြီး ဇွဲနပဲဖြင့် ကြိုးစားနေသရွေ့မိမိတို့ မရှုံး။ မတောင်းဆိုတော့ဘဲ လက်မြှောက်အလျှော့ပေးလိုက်မှအမှန် တကယ်ရှုံးနိမ့်မည်ဖြစ်သည်။"

# မြန်မာစကားအနုပညာ (ဆ)

**(၄) အိုးတန်ဆန်ခတ်စကား**

အိုးနှင့်ဆန်တန်အောင် ကောင်းမွန်စွာချက်ပြုတ်သုံးဆောင်ရသကဲ့သို့ စကားပြောဆိုရာတွင် သင့်တင့်လျောက်ပတ်အောင် ချင့်ချိန်သုံးသပ်ပြောဆိုခြင်းမျိုးဖြစ်သည်။ လူမှုရေး၊ စီးပွားရေးနယ်ပယ်များတွင် ပြောဆိုဆောင်ရွက်ကြရာ၌ မိမိတို့နေရာ၊ အဆင့်အတန်း၊ ကာလဒေသ အခြေအနေတို့နှင့် လိုက်လျောညီထွေစွာပြောဆိုသင့်သည့်သဘော ဖြစ်သည်။ ဥပမာ - အရောင်းဝယ်ပြုလုပ်ရာတွင် ဈေးစကားပြောဆိုကြရာ၌ တစ်ဖက်ဝယ်သူ၊ ဝယ်လက်အနေဖြင့် မိမိနှင့် ပုဂ္ဂိုလ်ရေးခင်မင် သိကျွမ်းနေသည့်အလျောက်ဆို ဈေးကိုအသင့်တင့်ဆိုပါက အဆင်ပြေနိုင်သည့် သဘောဖြစ်သည်။ ဈေးစကားကမ်းလှမ်း ပြောဆိုသည့် အခါမိမိ အနေဖြင့် လောဘရှေ့ဆောင်ကာဆို ဈေးကို အလွန်အကြူးမဆို သင့်ဘဲ အိုးတန်ဆန်ခတ်သင့်တင့်ရုံသာဆို သင့်ပါသည်။

## (၅) ဆီပွတ်ကျည်ပွေ့စကား

နှမ်းကိုဆီထွက်အောင် ကျည်ပွေ့ဖြင့်ထပ်ကာထပ်ကာပွတ်ကြိတ်သကဲ့သို့ မိမိအလိုရှိရာကိုထပ်ကာထပ်ကာ ပြောဆိုခြင်းမျိုးဖြစ်သည်။ မိမိတို့၏လုပ်ငန်းခွင်အတွင်းတွင် ဝန်ထမ်းများ ကိုစီမံခန့်ခွဲရာ၌ သက်ဆိုင်ရာဦးဆောင်သူများအနေဖြင့် မိမိတို့ အလိုရှိ ရာကို ဝန်ထမ်းများကိုထပ်ကာထပ်ကာဆက်သွယ်ဆောင်ရွက်ပြောကြားနေဖို့ လိုအပ်သည်။ မိမိတို့အလိုရှိသည့်ပုံစံ၊ လုပ်ပုံလုပ်နည်းစသည်တို့ကို ထပ်ကာထပ်ကာပြောမှတော်ကာကျမည့်သဘောဖြစ်သည်။ ထို့အပြင်အရောင်းအဝယ်စသည် ပြုလုပ်ရာ၌လည်း မိမိတို့အလိုရှိရာကို ထပ်တလဲလဲ ပြောဆိုကြခြင်းဖြင့် ဆွဲဆောင်မှုရသည့်သဘောဖြစ်သည်။

**ဘဝအောင်မြင်ရေးကြိုးစားကြရာတွင်လည်းလောကဆီမှ ကိုယ်အလိုရှိရာကို ရဲရဲဝံ့ဝံ့ထပ်ကာထပ်ကာတောင်းဆိုရဲကြဖို့လိုသည်။ လောကကတစ်ကြိမ်တောင်းဆိုရုံမျှဖြင့် မိမိတို့အလိုရှိရာကိုတော်ရုံတန်ရုံ မပေး၊ မိမိတို့ကထပ်ကာထပ်ကာဇွဲနပဲဖြင့် တောင်းဆိုရဲကြဖို့လိုသည်။ ကိုယ်အလိုရှိရာကို တောင်းဆိုပြီး ဇွဲနပဲဖြင့် ကြိုးစားနေသရွေ့မိမိတို့ မရှုံး။ မတောင်းဆိုတော့ဘဲ လက်မြှောက်အလျှော့ပေးလိုက်မှအမှန်တကယ်ရှုံးနိမ့်မည်ဖြစ်သည်။** စဉ်ဆက်မပြတ်တောင်းဆိုပါ။ ဇွဲလုံ့လ ဝီရိယဖြင့် ကြိုးစားပါ။ အောင်မြင်မှုတွေကသင့်ကိုစောင့်ကြိုနေပါသည်။

(၆) ဆင်ငှေ့ရန်ရှောင်စကား

ဆင်သည်အင်အားကြီးမားသဖြင့် ဆင်ငှေ့သည်အခါတိမ်း ရှောင်လွှဲသွေ၊ လွတ်ရာနေရသကဲ့သို့ မိမိအပေါ်အပြစ်အနာရာယ် ရောက်စေမည့်စကားများကို တိမ်းရှောင်ပြောဆိုခြင်းမျိုးဖြစ်သည်။

ဆင်ငှေ့ရန်ရှောင် စကားပြောရာ၌ အမတ်ကြီးဦးပေါ်ဦး မှာပြိုင်စံရှားဖြစ်သည်။ တစ်နေ့ဘိုးတော်မင်းတရား၏ မင်းခမ်းမင်းနား အဖြစ်ထောင်ထားသည့် ထီးဖြူတော်ကြီးမှာ ထီးဖြူတော်သားများ၏ ပေါ့လျော့မှုကြောင့် လေအငှေ့လဲကျသွားပါသည်။ထီးဖြူတော်သား တွေလည်းခြေမကိုင်မိလက်မကိုင်မိဖြစ်ကုန်ကြပြီး အမတ်ကြီးဦးပေါ်ဦး ကိုကယ်တင်ပါရန်ပြေးလျှောက်ကြသည်။ နန်းတွင်းဓလေ့ထုံးတမ်းအရ ထီးဖြူတော်လဲခြင်းဟာ နတ်ရွာစံခြင်း၊ ထီးနန်းကျခြင်း အဓိပ္ပါယ်ဆောင် ပြီး လဲကျနေသည့် ထီးဖြူတော်ကိုပြန်လည်ထောင်မတ်ပါကလည်း မင်းလုပ်သည့်သဘောသက်ရောက်နေသည်။

သို့ဖြစ်၍ အမတ်ကြီးဦးပေါ်ဦးလည်းထီးဖြူသားများကို ကယ်တင်ရန်အလို့ငှာ မင်းတရားကြီးထံသွားရောက်ခစားပြီး ယခုလို လျှောက်တင်သည်။

'မှန်ပါ. . ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မင်းတရားကြီးဘုရား ထူးခြားသော ဝိသေသလက္ခဏာများဖြစ် ပါသဖြင့် ဝင်ရောက်သံတော်ဦး တင်ပါတယ်ဘုရား'

အဖြစ်အပျက်ကို မသိသေးသည့် ဘိုးတော်ဘုရား ကလည်းအေးဆေး စွာပဲပြန်မိန့်တော်မူသည်။

'ဘာများထူးတာတုန်းပေါ်ဦးရဲ့'

'မှန်ပါ. . အရှင်မင်းတရားကြီးဘုရား. . 'ဝလာဟက' လေနတ်သား ဟာ အရှင်မင်းကြီးထံပါးခစားဖို့လာရာမှာ အများသူငါရှုတ်ရှုတ်သဲသဲ ဖြစ်မှာစိုး၍ ကိုယ်ထင်မပြဘဲ ကိုယ်ရောင်ဖျောက်ထားသော်လည်း သူလာရောက်ခစားကြောင်း အရှင်မင်းကြီးသိစေရန် အတွက်လေပြည် ဆော်သွေးပြီးတိုက်ခက်ပြသကြောင်းပါဘုရား'

ဒီတော့မှဘိုးတော်ဘုရားလည်း လေတိုက်၍ထီးဖြူတော်လဲ ကြောင်းအမတ်ကြီးဦးပေါ်ဦးမှ ဆင်ဝှေ့ရန်ရှောင်လျှောက်ထားသည်ကို ရိပ်မိသိရှိတော်မူပြီးယခုလိုမိန့်လေသည်။

'အေးပါကွယ်. . . အေးပါ. . . ထီးဖြူတော်ကို ပြန်လည်ထူ မတ်လိုက်ကြပါစေကွယ်'

မိမိတို့၏ နေ့စဉ်လုပ်ငန်းခွင်များအတွင်း လုပ်ငန်းဆောင်တာ များဆောင်ရွက်ကြရာတွင် ဆင်ဝှေ့ရန်ရှောင်ပြောဆိုကြခြင်းအားဖြင့် အခက်အခဲပဋိပက္ခများလျော့နည်းနိုင်ကြမည်ဖြစ်ပါသည်။



"ကြက်များတစ်ကောင်နှင့် တစ်ကောင်အပြိုင်ဆိုင်ခွပ်ကြသည့် အခါ နောက်သို့ ဆုတ်ဟန်ပြုပြီးမှ စီးမိသည့်အခါစီး၍ ခွပ်သကဲ့သို့ စကားပြောသည့်အခါမှာလည်း စကားကို အလိုက်အထိုက်အလျှော့ ပေးပြောထားပြီး ပိုင်နိုင်ပြီဆိုမှ တစ်ချီတည်း ပြီးမြောက်အောင်မြင်အောင် ပြောဆိုခြင်းမျိုးဖြစ်သည်။"

# မြန်မာ့စကားအနုပညာ (၉)

## (၇) တောင်သူယာခုတ်စကား

တောင်သူတို့သည် ယာမြေကို ခုတ်ထွင်ရှင်းလင်းသည့်အခါ ချုံနွယ်ငယ်များကို ရှေးဦးစွာ ရှင်းလင်းခုတ်ထွင်ပြီးမှ သစ်ပင်ကြီးများကို ရှင်းလင်းခုတ်လှဲသကဲ့သို့ စကားငယ်များကိုအလျင်ဦးစွာပြောပြီးမှ စကားကြီးများကို အရာ ရောက်ထိမိစွာပြောဆိုခြင်း မျိုးဖြစ်သည်။

ဤတောင်သူယာခုတ်စကားပြောဆိုနည်းမှာ ရောင်းရေးဝယ်တာ လုပ်ငန်းများတွင်များစွာ အသုံးဝင်အသုံးတည့်လှသည်။ ဥပမာ အရောင်းဝန်ထမ်းတစ်ဦးအနေဖြင့် အဓိကစကားဖြစ်သည့် ဝယ်ယူဖို့ ချက်ချင်းမပြောသေးဘဲ မိမိရောင်းကုန်ပစ္စည်း၏ထူးခြားသည့် ဝိသေသလက္ခဏာများ၊ အသုံးဝင်ပုံ စသည်တို့ကို ရှင်းလင်းပြောဆိုပြီးမှ အဓိကစကားဖြစ်သည့် ဝယ်ယူသင့်ကြောင်း တိုက်တွန်းပြောဆိုသည့် ပုံစံမျိုးဖြစ်သည်။

**(၈) ကြက်ဆုတ်ခွပ်ပစ်စကား**

**ကြက်များတစ်ကောင်နှင့် တစ်ကောင်အပြိုင်ဆိုင်ခွပ်ကြသည့် အခါ နောက်သို့ ဆုတ်ဟန်ပြုပြီးမှ စီးမိသည့်အခါစီး၍ ခွပ်သကဲ့သို့ စကားပြောသည့်အခါမှာလည်းစကားကို အလိုက်အထိုက်အလျှော့ ပေးပြောထားပြီး ပိုင်နိုင်ပြီဆိုမှ တစ်ချီတည်း ပြီးမြောက်အောင်မြင် အောင်ပြောဆိုခြင်းမျိုးဖြစ်သည်။**

အထူးသဖြင့် ကြက်ဆုတ်ခွပ်ပစ်စကားပြောဆိုနည်းကို စကားအပြိုင်အဆိုင် ပြောဆိုရာ တွင်အသုံးပြုနိုင်သည်။ ဥပမာ - ကြက်ဥရောင်းချသည့်ကုမ္ပဏီမှဝန် ထမ်းတစ်ဦးနှင့် ကိတ်မုန့်ရောင်း ချသည့် ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးတို့ စကားအပြိုင်ဆိုင်ပြောဆိုကြရာ တွင် ကိတ်မုန့်ကုမ္ပဏီမှ ဝန်ထမ်းက ၎င်းတို့ကုမ္ပဏီမှထုတ်လုပ်သည့် ကိတ် မုန့်များမှာ အရည်အသွေးကောင်းမွန်သည်ဟု ပြောဆိုသည် ကိုကြက်ဥ ကုမ္ပဏီမှ ဝန်ထမ်းက လက်သင့်ခံပြီးမှ " ဟုတ်တာပေါ့၊ ကောင်းတာပေါ့ အဲဒီကိတ်မုန့်တွေအခုလိုအရည်အသွေး ကောင်း နေတာဟာ ကျွန်တော် တို့ ကုမ္ပဏီက ထုတ်လုပ်တဲ့ ကြက်ဥတွေနဲ့ လုပ်လို့ပေါ့" ဟုပြောဆို ခြင်းမျိုးဖြစ်သည်။

(၉) ရေစစ်ကရားစကား

ရဟန်း၊ သံဃာများအသုံးပြုသည့် ရေစစ်ကရိုဏ်ကို ရေတွင်နှစ်ပြီး ရေပြည့်လာသောအခါ အပေါက်ကိုလက်နှင့်ပိတ်၍ ယူလျှင်ရေများပြန်မထွက်နိုင်ဘဲ ရေအပြည့်ရသကဲ့သို့တစ်ပါးသူ၏ စကားကိုပိတ်မိအောင်ပြုလုပ်ပြီး ပြောဆိုခြင်းမျိုးဖြစ်သည်။

ရေစစ်ကရားစကားပြောနည်းမှာ ကိုယ့်စကားနှင့်ကိုယ်ပိတ်မိအောင် ပြောဆိုခြင်းမျိုးဖြစ်သည်။ ရှေ့ကတင်ပြခဲ့သည့်အတိုင်း စကားအချေအတင်အပြိုင်အဆိုင်ပြောဆိုရာတွင် သာအသုံးပြုသင့်သည်။ ဥပမာ - ယုံတမ်းစကားအပြိုင်အဆိုင်ပြောဆိုကြရာတွင် တစ်ဖက်သူဘာပြောပြောယုံပါတယ်ဟုသာပြောပြီး မိမိပြောဆိုရမည့်အလှည့်သို့ရောက်သည့်အခါ ပြိုင်ဘက်ကို " မင်းဟာ ငါ့တပည့်ပဲ ကဲယုံရဲ့လား" ဟုပြောဆိုခြင်းမျိုးဖြစ်သည်။ဤတွင် ပြိုင်ဘက်ခမျာ မယုံဘူးပြောလျှင်လည်းရှုံးနိမ့်မည်။ ယုံပါတယ်ဟုပြောလျှင်လည်း မိမိ၏တပည့်ဖြစ်မည့်သဘော မျိုးဖြစ်သည်။

(၁၀) ခတ်တင်မောင်းနင်းစကား

မောင်းနင်းရာတွင် မလျော့မတင်းဟန်ချက်ထိန်း၍ နင်းရသကဲ့သို့စကားပြောဆိုရာ၌ ဟုတ်၏လည်းမဆို၊ မဟုတ်ဟုလည်းမဆိုဘဲ မတင်မကျပြောဆိုခြင်းမျိုးဖြစ်သည်။

စာရေးသူတို့၏ မြန်မာစကားတွင်အသုံးပြုနေသည့် 'ရပါတယ်' ဆိုသည့်စကားလုံးကို ဤခတ်တင်မောင်းနင်း စကားပြောဆိုခြင်းအတွက် အသုံးပြုနိုင်သည်။ ဥပမာ- မိတ်ဆွေ တစ်ယောက်က ညည့်ခံပွဲတစ်ပွဲကိုလာရောက်ရန် ဖိတ်ကြားလာသည့် အခါ လာမည်ဟုလည်းမပြောလို၊ မလာဘူးဟုလည်းမငြင်းလိုဘဲ စကားကို မတင်မကျပြောလိုပါက 'ရပါတယ်'ဟုပြောဆိုခြင်းမျိုးဖြစ်သည်။



"စီမံခန့်ခွဲတတ်ရုံနှင့် ဘဝအောင်မြင်မှုကို မရရှိနိုင်သေးပါ။ ရိုးသားဖြောင့်မတ်ဖို့လိုပါသေးသည်။ မှန်ပါသည်။ ရိုးသားဖြောင့်မတ်ခြင်းသည် အောင်မြင်ဖို့အတွက် အထိရောက်ဆုံးနှင့် အကောင်းဆုံး မဟာဗျူဟာဖြစ်သည်။ ဤနေရာတွင် 'ရိုးအ'ခြင်းနှင့် 'ရိုးဖြောင့်'ခြင်း နှစ်ခုကွဲပြားခြားနားပုံကို ကောင်းမွန်စွာ နားလည်သဘောပေါက်ဖို့ လိုပါသည်။ ရိုးအ၍ ဘဝတွင်မအောင်မြင်နိုင်ပါ။ ရိုးဖြောင့်ခြင်းဖြင့်သာ အောင်မြင်မှုကိုရယူဆွတ်ခူးနိုင်မည်ဖြစ်သည်။"

# ရှိးသားပြောင့်မတ်စွာ စီမံခန့်ခွဲခြင်း

မြန်မာဘာသာစကားသည် ဧကဝဏ္ဏဘာသာစကားဖြစ်သည်နှင့် အညီစာလုံးတစ်လုံးချင်းအဓိပ္ပါယ်ရှိပါသည်။ ဥပမာ- "Management"ဆိုသည့် အင်္ဂလိပ်စကားလုံးကို မြန်မာဘာသာသို့ပြန်ဆိုရာတွင် " အုပ်ချုပ်မှု" ဟုပြန်ဆိုနေကြသည်မှာ မသင့်တော်ပါ။ မြန်မာဘာသာစကားသည် တစ်လုံးချင်းအဓိပ္ပါယ်ရှိသည့်အတွက် လူတစ်ယောက်ကို အပေါ်က " အုပ်" ထားခြင်း၊ "ချုပ်" ထားခြင်းဆိုသည်မှာ မည်သို့မျှကောင်းမွန်သည့် အဓိပ္ပါယ်မဆောင်နိုင်ပါ။ သို့ဖြစ်၍ အုပ်ချုပ်သည်ဟုဆိုလျှင် အုပ်ချုပ်ခံများသည် အုပ်ချုပ်သူကိုမည်သည့်အခါမျှ မကျော်လွန်နိုင်ပါ။ အုပ်ချုပ်သူထက်ကျော်လွန်တိုးတက်လာလျှင်ဖြတ်တောက်ဖိနှိပ်ပစ်သည့် သဘောဖြစ်သည်။

အမှန်တကယ် " Management "ဆိုသည့်အင်္ဂလိပ်စကားလုံးကိုမြန်မာဘာသာပြန်ဆိုရာတွင် " စီမံခန့်ခွဲမှု" ဟုဘာသာပြန်ဆိုခြင်းက အသင့်တော်၊ အကောင်းမွန်ဆုံးဖြစ်သည်။ မြန်မာဘာသာစကားသည် တစ်လုံးချင်းအဓိပ္ပါယ်ရှိသည့်အတွက် ဤစီမံခန့်ခွဲမှုဟု ဘာသာပြန်ဆိုခြင်းက 'Management"ဆိုသည့်အင်္ဂလိပ်စကားလုံး၏ အဓိပ္ပါယ်သဘောသဘာဝကို ခြုံငုံမိနိုင်သည်။

| Management = စီမံခန့်ခွဲမှု |
|---|

**စီ**

စီစဉ်ရခြင်းကိုဆိုလိုပါသည်။ အရှေ့အနောက် မှန်ကန်အောင်၊ စလယ်ဆုံးညီညွတ်မျှတအောင် စီစဉ်ဆောင်ရွက်ရသည့် သဘောဖြစ်သည်။ အစီအစဉ်မှားယွင်းပါက စီမံခန့်ခွဲမှုလုပ်ငန်းစဉ် တစ်ခု လုံးကို ထိခိုက်နိုင်ပါသည်။

**မံ**

မွမ်းမံရခြင်းကိုဆိုလိုပါသည်။ မိမိရောင်းချမည့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုစသည်တို့ကို မွမ်းမံရသလို မိမိကိုယ်တိုင်ကိုရော မိမိ၏ အဖွဲ့ဝင်ဝန်ထမ်းများကိုပါ လိုအပ်သလို မွမ်းမံပေးရပါမည်။

**ခန့်**

မိမိ၏ အဖွဲ့ဝင်ဝန်ထမ်းများကိုသက်ဆိုင်ရာ ရာထူးတာဝန်၊ ရာထူးနေရာများခန့်အပ်ထားပေးရခြင်းကိုဆိုလိုပါသည်။

ခွဲ

လုပ်ငန်းတာဝန်များခွဲဝေပေးခြင်း၊ ရင်းမြစ် (Resource)များခွဲဝေပေးခြင်းစသည်တို့အပြင် ရပိုင်ခွင့်အကျိုးအမြတ်များခွဲဝေပေးခြင်းကိုဆိုလိုပါသည်။

သို့ဖြစ်ပါ၍ " စီမံခန့်ခွဲ" မှုဟူသောမြန်မာစကား၏ အနက်အဓိပ္ပါယ်ကို ကောင်းမွန်စွာနားလည်သဘောပေါက်လာသည် နှင့် အမျှမိမိတို့၏ ဆောင်ရွက်လုပ်ဆောင်မှုများထိရောက်အောင် မြင်လာမည်ဖြစ်သည်။

သို့သော် **စီမံခန့်ခွဲတတ်ရုံနှင့် ဘဝအောင်မြင်မှုကို မရရှိနိုင်သေးပါ။ ရိုးသားဖြောင့်မတ်ဖို့လိုပါသေးသည်။ မှန်ပါသည်။ ရိုးသားဖြောင့်မတ်ခြင်းသည် အောင်မြင်ဖို့အတွက် အထိရောက်ဆုံးနှင့် အကောင်းဆုံး မဟာဗျူဟာဖြစ်သည်။ ဤနေရာတွင် 'ရိုးအ'ခြင်းနှင့် 'ရိုးဖြောင့်'ခြင်းနှစ်ခုကွဲပြားခြားနားပုံကို ကောင်းမွန်စွာနားလည်သဘောပေါက်ဖို့ လိုပါသည်။ ရိုးအ၍ ဘဝတွင်မအောင်မြင်နိုင်ပါ။ ရိုးဖြောင့်ခြင်းဖြင့်သာအောင်မြင်မှုကိုရယူဆွတ်ခူးနိုင်မည်ဖြစ်သည်။**

ရိုးသားဖြောင့်မတ်ဖို့ အတွက်ရိုးသားဖြောင့်မတ်ခြင်းဟူသည့်စကားလုံး၏ အဓိပ္ပါယ်ကိုကောင်းစွာနားလည်သဘောပေါက်ဖို့လိုသည်။ ရိုးသားခြင်းနှင့် ဖြောင့်မတ်ခြင်းသည်မတူညီပါ။ ဖြောင့်မတ်ခြင်းဟူသည့်စကားလုံးက ရိုးသားခြင်းဟူသည့် စကားလုံးထက်ပို၍ ကျယ်ပြန့်နက်ရှိုင်းပါသည်။

ရိုးသားသည်ဆိုသည်က အခြားသူများပေါ်မဟုတ်တာမလုပ်ခြင်း၊ မရိုးမသားမလုပ်ခြင်းကိုဆိုလိုပါသည်။ ဖြောင့်မတ်သည်ဆိုသည်မှာ သူတစ်ပါးအပေါ်မဟုတ်တာမလုပ်ခြင်း၊ သူတစ်ပါးကိုမလိမ်ခြင်းသာမက မိမိကိုယ်ကိုမဟုတ်တာမလုပ်ခြင်း၊ မိမိကိုယ်ကို မလိမ်ခြင်းကိုပါဆိုလိုခြင်းဖြစ်သည်။ မိမိမှာမရှိ သည်ကိုရှိချင်ယောင်မဆောင်ဘဲ၊ မိမိမတတ်သည်ကို တတ်ချင်ယောင် မဆောင်ဘဲ ဖြောင့်မတ်စွာကြိုးစားအားထုတ်ပါမှ အောင်မြင်မှု များကို ဆွတ်ခူးရရှိနိုင်မည်ဖြစ်သည်။ လောကတွင် နှစ်ခြောက်ဆယ်အထက် ကာလရှည်ကြာစွာ အောင်မြင်မှုမှတ်ကျောက် အတင်ခံနိုင်သူများသည် ရိုးသားဖြောင့်မတ်စွာ ကြိုးစားသူများဖြစ်သည်။ ရိုးသားဖြောင့်မတ်စွာ စီမံခန့်ခွဲနိုင်သည့်နှင့်အမျှ ဘဝတွင် အောင်မြင်မှုများရရှိ လာနိုင်မည်ဖြစ်သည်။




"ဘဝတွင်အောင်မြင်မှုကိုရရှိလိုသူတစ်ယောက်အနေဖြင့် စိတ်ချမ်းသာအောင်နေထိုင်ဖို့ မဖြစ်မနေလိုအပ်သည်။ စာရေးသူတို့ စိတ်ချမ်းသာကြည်လင်နေသည့်အချိန်တွင် စာရေးသူတို့လုပ်ဆောင် သည့် အလုပ်များ၏ အရည်အသွေးကောင်းမွန်ပါသည်။ စာရေးသူတို့ လုပ်ဆောင်သည့်အလုပ်များ၏ အရည်အသွေးကောင်းမွန်ပါမှ ဘဝ တွင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။"

# သင့်ကိုတန်ဖိုးတက်စေမည့်မဟာဗျူဟာများ

## (၁) စိတ်ချမ်းသာအောင်နေပါ

မောင်မောင်နှင့် အောင်အောင်သည်တူညီသည့်မိသားစုအသိုက် အဝန်းများမှ မွေးဖွားလာပြီးတူညီသည့်မိဘပံ့ပိုးမှု၊ တူညီသည့် တက္ကသိုလ် တွေမှာတက်ရောက်ပညာသင်ကြားခဲ့ကြကာ တူညီသည့် ကုမ္ပဏီအဖွဲ့ အစည်းတစ်ခုတည်းမှာ အလုပ်ဝင်ခဲ့ကြပါသည်။ အလုပ်ဝင်ဝင်ချင်း နှစ်ယောက်စလုံးတူညီသည့် အခြေခံလစာ တစ်သိန်းခွဲစီ ရရှိကြသည်ဆိုပါစို့။ နောင်ဆယ်နှစ်ခန့်ကြာသောအခါ မောင်မောင်မှာ တစ်လလျှင်လစာငွေ သိန်းသုံးဆယ်ရရှိသည့် ဒါရိုက်တာအဖွဲ့ဝင် တစ်ယောက် ဖြစ်လာပြီး အောင်အောင်မှာမူတစ်လလျှင် လစာ ငါးသိန်းကျပ်သာရရှိသည့် မန်နေဂျာသာလျှင် ဖြစ်သေးသည်။ မောင်မောင်နှင့် အောင်အောင်တို့ နှစ်ယောက်တွင် မည်သည့်

အရာတွေ ကွာခြားသွားပါသနည်း။ လူတွေကစာရေးသူတို့ကို အချိန်ဖြင့် ပိုက်ဆံပေးခြင်းမဟုတ်ပါ။ တန်ဖိုး (Value) ဖြင့် ပိုက်ဆံပေးကြခြင်းဖြစ်ပါသည်။




ဖော်ပြပါပုံကိုကြည့်ပါ။ တစ်နာရီ လုပ်ခလစာ ၁၀၀၀ကျပ် ရရှိသူတွေ ရှိသလိုတစ်နာရီ ၅၀၀၀ကျပ်၊ ၁၀၀၀၀ကျပ်၊ ၁၀၀၀၀၀ကျပ်၊ ၁၀၀၀၀၀၀ ကျပ် ရရှိသူစသဖြင့် အကန့်အသတ်မရှိ အသီးသီး ရှိကြပါသည်။ ပိရမစ် ၏ အပေါ်ကို ရောက်လာလေလေ၊ တန်ဖိုး (Value)တက်လာပြီး အရေအတွက်လည်း နည်းလာလေလေဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ ပေါ်တွင် အောင်မြင်သည့်သူအရေအတွက်က နည်းပြီးမအောင်မြင်သူ အရေအတွက်ကများနေခြင်းဖြစ်သည်။

သင်တန်ဖိုးတက်လာလေလေ၊ အောင်မြင်လာလေလေဖြစ်သည်။ သို့ဖြစ်၍ သင့်တန်ဖိုးကိုတက်စေမည့် မြန်မာ့နည်းမြန်မာ့ဟန် မဟာဗျူဟာအချို့ကို တင်ပြပေး လိုက်ပါသည်။

(၁) စိတ်ချမ်းသာအောင်နေပါ

**ဘဝတွင်အောင်မြင်မှုကိုရရှိလိုသူတစ်ယောက်အနေဖြင့် စိတ်ချမ်းသာအောင်နေထိုင်ဖို့ မဖြစ်မနေလိုအပ်သည်။ စာရေးသူတို့ စိတ်ချမ်းသာကြည်လင်နေသည့်အချိန်တွင် စာရေးသူတို့လုပ်ဆောင်သည့် အလုပ်များ၏ အရည်အသွေးကောင်းမွန်ပါသည်။ စာရေးသူတို့ လုပ်ဆောင်သည့်အလုပ်များ၏ အရည်အသွေးကောင်းမွန်ပါမှ ဘဝတွင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။** ဘဝတွင်အောင်မြင်မည် မအောင်မြင်မည်မှာ မသေချာသလို မိမိကရာနှုန်းပြည့်ထိန်းချုပ်စီမံခန့်ခွဲနိုင်သည့်အရာမဟုတ်ပါ။ သို့သော်ဘဝတွင် စိတ်ချမ်းသာအောင်နေထိုင်ရန်ကတော့ မိမိကိုယ်တိုင်ထိန်းချုပ်စီမံခန့်ခွဲနိုင်သည့်အရာဖြစ်ပါသည်။

စိတ်ချမ်းသာနေသည့် သူနှင့် စိတ်မချမ်းမသာဖြစ်နေသည့်သူတို့၏ လုပ်ကိုင်ဆောင်ရွက်မှုအရည်အသွေးမှာများစွာ ကွာခြားသည်ဖြစ်ရာ ဘဝတွင်စိတ်ချမ်းသာအောင် နေထိုင်တတ်သူများအနေဖြင့် အခြားသူများထက်သာလွန်သည့် စိတ်ချမ်းသာမှုအားသာချက်ကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။

စိတ်ချမ်းသာသည်ဆိုသည့်စကားကို လူတိုင်းလွယ်လွယ်ပြောဆိုနေကြသော်လည်း အနှစ်သာရ အဓိပ္ပါယ်ကိုအမှန်တကယ်နားလည်သဘောပေါက်ဖို့လိုပါသည်။ ဥပမာ - လူတစ်ယောက်ကိုပိုက်ဆံချမ်းသာသည်ဟု ပြောဆိုနိုင်ဖို့ ဝိသေသလက္ခဏာ (၂) ချက်နှင့်ညီညွတ်ရပါမည်။ ယင်းဝိသေသလက္ခဏာ (၂)ချက်မှာ

> (၁) ပိုက်ဆံအမြောက်အမြားရှိရမည်။ ပိုက်ဆံများကို စုဆောင်းထားနိုင်ရမည်။
>
> (၂) ငွေကြေးကို အလေအလွင့် မရှိအောင် စနစ်တကျသုံးစွဲတတ်ရမည်။

ပိုက်ဆံများစွာ စုဆောင်းထားနိုင်သူ၊ ငွေကြေးကို အလေအလွင့် မရှိအောင်စနစ်တကျ သုံးစွဲနိုင်သူကိုသာ ပိုက်ဆံချမ်းသာသူဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။ စိတ်ချမ်းသာသူဆိုသည်မှာလည်း ထို့အတူပင်ဖြစ်သည်။ စိတ်အမြောက်အမြားရှိအောင် စိတ်များကို စုဆောင်းထားနိုင်သူ၊ စိတ်ကို အလေအလွင့်မရှိအောင်သုံးစွဲနိုင်သူကို စိတ်ချမ်းသာသူဟုခေါ် ဆိုခြင်းဖြစ်သည်။ စိတ်ချမ်းသာလိုသူတစ်ဦးအနေဖြင့် စိတ်များကို စုဆောင်းသည့်အနေဖြင့် မိမိစိတ်ကို ရင့်ကျက်လာအောင် စာပေဖတ်ရှုခြင်း၊ ဟောပြောပွဲများနားထောင်ခြင်း၊

သင်တန်းများတက်ရောက်ခြင်း စသည့်စိတ်အဟာရဗဟုသုတ ရှာဖွေခြင်းတို့ကို ပြုလုပ်ရမည်။ စိတ်ကိုအလေအလွင့်မရှိအောင် ဥပမာ- မိမိကို တစ်စုံတစ်ယောက်က ဒေါသထွက်အောင် ပြုမူလာသည်ကို ဒေါသမထွက်ခြင်းမျိုးဖြင့်လောဘ ဒေါသ၊ မောဟကိစ္စရပ်များ အပေါ်တွင်စိတ်ကို အလွန်အကျွံမသုံးစွဲအောင် သတိဖြင့် ထိန်းချုပ် ရမည်ဖြစ်သည်။ ဘဝတွင် စိတ်ချမ်းသာအောင် နေနိုင်လာလေလေ၊ ရလဒ်တွေကောင်းလာပြီး အောင်မြင်လာ လေလေဖြစ်သည်။



"စာရေးသူတို့အနေဖြင့်အကြောင်းကိစ္စရပ်တစ်ခုကို မစဉ်စားမိ အရာသုံးခုကိုသပ်ချဖို့လိုအပ်သည်။ ယင်းအရာသုံးခုမှာ

(၁) လောဘ

(၂) ဒေါသ

(၃) မောဟ တို့ဖြစ်သည်။"

# သင့်ကိုတန်ဖိုးတက်စေမည့်မဟာဗျူဟာများ(ခ)

(၂) **သုံးသပ်ဆုံးဖြတ်ပါ။**

ဘဝတွင်အောင်မြင်မှုများရရှိရန်မှာ ဆုံးဖြတ်ချက်များမှန်ကန်မှုနှင့် များ စွာဆက်စပ်ပတ်သက်နေပါသည်။ ဘဝတွင်စာရေးသူတို့၏ ဆုံးဖြတ်ချက်မှန်ကန်လေလေ၊ ဘဝအဆင့်မြင့်မားအောင်မြင်လေလေဖြစ်သည်။ နေ့စဉ်လုပ်ငန်းဆောင်တာများမှသည် ဘဝအတွက်အရေးပါသည့် ကိစ္စရပ်များအတွက် ဆုံးဖြတ်ဆောင်ရွက်ကြရာ၌မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ဖို့လိုအပ်သည်။ ယေဘုယျအားဖြင့် စာရေးသူတို့၏ ဘဝတွင် (၁)လူပုဂ္ဂိုလ်များ (၂) အခြေအနေများနှင့်ပတ်သက်၍ သုံးသပ်ဆုံးဖြတ်ကြရခြင်းဖြစ်သည်။

ဤနေရာတွင် 'သုံးသပ်' သည်ဆိုသည့်စကား၏ အဓိပ္ပါယ်ကို ကောင်းမွန်စွာနားလည်သဘောပေါက်ဖို့လိုအပ်ပါသည်။ 'သုံးသပ်' သည်ဆိုသည်ကရှင်းပါသည်။

| (သုံး) ခုကို (သပ်) ချခြင်းဖြစ်သည်။ |
|---|

**စာရေးသူတို့အနေဖြင့်အကြောင်းကိစ္စရပ်တစ်ခုကို မစဉ်စားမီ အရာသုံးခုကိုသပ်ချဖို့လိုအပ်သည်။ ယင်းအရာသုံးခုမှာ**

**(၁) လောဘ**

**(၂) ဒေါသ**

**(၃) မောဟ တို့ဖြစ်သည်။** စာရေးသူတို့မှာ ပုထုဇဉ်များဖြစ်၍ ယင်းအရာသုံးခုကို စိတ်အစဉ်မှ ခေတ္တခဏသပ်ချ၍သာရသည်။ သပ်ချပြီး မကြာမီပင်ယင်းအရာများက စိတ်အစဉ်သို့ ပြန်တက်လာမည် သာဖြစ်သည်။ သို့သော်လောဘ၊ ဒေါသ ၊ မောဟကိုစိတ်အစဉ်မှ ခေတ္တ သပ်ချလိုက်စဉ် ခဏ၌စာရေးသူတို့၏ သက်ဆိုင်ရာအကြောင်းကိစ္စ ရပ် အပေါ် ရှုမြင်မှု အမြင်မှာထင်ရှားကြည်လင်ကာ ဆုံးဖြတ်ချက်များကို မှန်ကန်စေသည့် သဘောဖြစ်သည်။

လောဘဖြင့် ဆုံးဖြတ်လျှင် လူလိမ်ခံရတတ်သည်။ ဒေါသဖြင့် ဆုံးဖြတ်လျှင် ခိုက်ရန်ဖြစ်ပွားတတ်သည်။ မောဟဖြင့်ဆုံးဖြတ်လျှင်

အမှားကြီးမှားတတ်ပါသည်။ သို့ဖြစ်၍ သုံးသပ်ဆုံးဖြတ်ပါမှ ဆုံးဖြတ်ချက်များ မှန်ကန်ပြီးရလဒ်များကောင်းမွန်ကာ အောင်မြင်မှုများရရှိနိုင်မည်ဖြစ်သည်။


သုံးသပ်ဆုံးဖြတ်ရာ၌ သတင်းအချက်အလက်(Information) မှန်ကန်မှုကလည်းအရေးကြီးသည်။ ရှေးယခင်ကသုံးသပ်ဆုံးဖြတ်ကြရာ၌ အမိကအခက်အခဲမှာ သတင်းအချက်အလက်ရှားပါးမှုဖြစ်သည်။ ယနေ့ခေတ်တွင် သုံးသပ်ဆုံးဖြတ်ရာ၌ အမိကအခက်အခဲမှာသတင်း အချက်အလက် များမှာ များပြားလွန်းလှ သည့်အတွက် မိမိနှင့်သက်ဆိုင်ရာ၊ မှန်ကန်ရာ ကိုရွေးချယ်နိုင်ဖို့ဖြစ်သည်။ မည်သည့်သတင်းအချက်အလက်ကမှန် ကန်သည်ဆိုသည်ကို ရွေးချယ်နိုင်ပါမှ သုံးသပ်ဆုံးဖြတ်မှုများမှန်ကန် မည်ဖြစ်သည်။

## (၃) သိသိသာသာဖြစ်အောင်ကြိုးစားပါ

သင့်ကို တန်ဖိုးတက်စေမည့် တတိယမြောက် မဟာဗျူဟာမှာ သိသိသာသာကြိုးစားဖို့ဖြစ်သည်။ မသိမသာဆိုသည့် မြန်မာစကားရှိသည်။ အဓိပ္ပါယ်ကရှင်းသည်။ မသိလျှင်မသာဖြစ်မည်ဆိုသည့် သဘော ဖြစ်သည်။ မှန်သည်။ ပညာသင်ကြားရာတွင်ဖြစ်ဖြစ်၊ လုပ်ငန်းခွင်အတွင်း၌ဖြစ်ဖြစ်၊ တစ်စုံတစ်ရာကိုမသိလျှင် မိမိကအခြား

သူများထက် မသာမည်မှာဧကန်ဖြစ်သည်။ နည်းနည်းသိလျှင် နည်းနည်းသာမည်။များများသိလျှင်များများသာမည်။ မည်သည့်အမှုကိစ္စကိုပဲဆောင်ရွက် ဆောင်ရွက် အောင်မြင်လိုသူတစ်ယောက် အနေဖြင့် သိသိသာသာဖြစ်အောင်အထူးအားထုတ်ကြိုးစားရမည်ဖြစ်သည်။

အစကနဦးကြိုးစား အားထုတ်စဉ်ကတည်းက ရည်မှန်းချက်ကို မြင့်မြင့်မားမားထားပြီး ကြိုးစားအားထုတ်သင့်သည်။ ရည်မှန်းချက်ဆိုသည်မှာ ဝယ်ယူရသည့် အရာမဟုတ်သလို ရည်မှန်းချက်ကြီးမားသည့်အတွက်လည်းအခွန်မဆောင်ရပါ။ ဖော်ပြပါပုံအတိုင်းဘဝက ပုလင်းဆိုလျှင်ရည်မှန်းချက်ကပုလင်းအဖုံးဖြစ်သည်။ စာရေးသူတို့၏ ဘဝသည် စာရေးသူတို့၏ ရည်မှန်းချက်ထက် မည်သည့်အခါမှပို၍ မမြင့်မားနိုင်ပါ။ သို့ဖြစ်၍ ရည်မှန်းချက်ကိုမြင့်မြင့်မားမားထားပြီးသိသိသာသာဖြစ်အောင်ကြိုးစားကြရမည်ဖြစ်သည်။





"တစ်ခါတစ်ရံကိုယ်က မှန်နေသော်လည်းအခြားသူများက မှားယွင်းစွာဆက်ဆံပြောဆိုတာမျိုးရှိနိုင်သလိုမဖြောင့်မတ်၊ မမှန်ကန်သူ များနှင့် ပြောဆိုဆက်ဆံရတာမျိုးလည်းရှိနိုင်သည်။ ဤကဲ့သို့ခါမျိုးတွင်မုဒုမြောက်စွာ(သို့မဟုတ်)နူးညံ့ပျော့ပျောင်းစွာဖြင့်ကိုင်တွယ်သိမ်းသွင်း ဖြေရှင်းတတ်ဖို့လိုသည်။"

# သင့်ကိုတန်ဖိုးတက်စေမည့်မဟာဗျူဟာများ (ဂ)

(၄) မုဒု (နူးညံ့ပျော့ပျောင်းခြင်း) မဟာဗျူဟာ

ဤမဟာဗျူဟာမှာ သုံးလောကထွဋ်ထားမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် မေတ္တာသုတ်တွင် တိုက်ရိုက်ညွှန်ကြားပြသတော်မူထားသည့် မဟာဗျူဟာဖြစ်သည်။ မေတ္တာသုတ်ကိုရွတ်ဖတ်သူတိုင်း ' မုဒု' ဟူသည့်စကားလုံးကို ရင်းနှီးကြလိမ့်မည်။ ' မုဒု' ဟူသည့်စကားလုံး၏အဓိပ္ပါယ်မှာနူးညံ့ပျော့ပျောင်းခြင်းဟု အဓိပ္ပါယ်ရသည်။ လူအများနှင့်လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးရာကိစ္စရပ်များဆွေးနွေးဆက်ဆံပြောဆိုကြရာတွင် မုဒုဖြစ်ရန် များစွာလိုအပ်သည်။ စာရေးသူကိုယ်တိုင် မုဒုမဖြစ်ဘဲ စကားပြောဆိုဆက်ဆံရာတွင် ဟောဟောဒိုင်းဒိုင်းပြောဆို ဆက်ဆံတတ်လွန်း သဖြင့်

ဘဝတွင်မလိုလားအပ်သည့် အခက်အခဲ အချို့နှင့် ရင်ဆိုင်ခဲ့ရသည် ဖြစ်ရာ စာရှုသူများအနေဖြင့် စာရေးသူကဲ့သို့ အခက်အခဲမျိုးများနှင့် မရင်ဆိုင်ရအောင်ယခုကဲ့သို့ တင်ပြခြင်းဖြစ်သည်။

**တစ်ခါတစ်ရံကိုယ်က မှန်နေသော်လည်းအခြားသူများက မှားယွင်းစွာဆက်ဆံပြောဆိုတာမျိုးရှိနိုင်သလိုမဖြောင့်မတ်၊ မမှန်ကန်သူများနှင့် ပြောဆိုဆက်ဆံရတာမျိုးလည်းရှိနိုင်သည်။ ဤကဲ့သို့ခါမျိုးတွင် မုဒုမြောက်စွာ(သို့မဟုတ်)နူးညံ့ပျော့ပျောင်းစွာဖြင့် ကိုင်တွယ်သိမ်းသွင်း ဖြေရှင်းတတ်ဖို့လိုသည်။**

လုပ်ငန်းခွင်အတွင်းဆက်ဆံရေးပြေပြစ်ကောင်းမွန်ရေးနှင့် လုပ်ငန်းခွင်အတွင်းအောင်မြင်ရေးအတွက်လည်းမုဒုဖြစ်ဖို့လိုသည်။ အထူးသဖြင့်မိမိတို့ထက် အသက်၊ ဂုဏ်ဝါ၊ ရာထူးကြီးသူများနှင့် ဆက်ဆံပြောဆိုကြရာတွင် မုဒုမြောက်စွာဆက်ဆံ ပြောဆိုကြခြင်းအားဖြင့် မလိုလားအပ်သည့်အခက်အခဲ ပဋိပက္ခများကိုရှောင်ရှားနိုင်ကာလုပ်ငန်းတွင် အောင်မြင်မှုများကို ဆွတ်ခူးရယူနိုင်ကြမည် ဖြစ်သည်။

မြန်မာရာဇဝင်တွင် စကားပြောဆိုရာ၌ အလွန်မုဒုမြောက်သည့်ပညာရှိအမတ်ကြီးတစ်ပါးရှိသည်။ ယင်းအမတ်ကြီး၏ အမည်မှာ ဦးပေါ်ဦးဖြစ်သည်။

တစ်နေ့ညီလာခံ၌ ရှင်ဘုရင်နှင့် ဦးပေါ်ဦးတို့စကားအပြန်အလှန် ပြောဆိုကြသည်။ ပြောဆိုကြသည့်အကြောင်းအရာမှာ နန်းတော်ဆောက်ရန်သစ်ရွေးချယ်ဖို့ဖြစ်သည်။

'ဟဲ့. . ပေါ်ဦး. . ပျဉ်းကတိုးသားဆိုလျှင်မကောင်းဘူးလား ကွဲ့' ရှင်ဘုရင်ကဒီလိုပြောတော့ ဦးပေါ်ဦးစိတ်ထဲမှာ ယခုလိုတွေးသည်။ သစ်ထဲမှာက ကျွန်းသစ်ကအကောင်းဆုံး၊ ယခုရှင်ဘုရင်ကပျဉ်းကတိုးလို့ပြောနေသည်။ရှင်ဘုရင်ကိုအများဗိုလ်ပုံ အလယ်ညီလာခံမှာ ပျဉ်းကတိုးနှင့် မသင့်တော်ပါဘုရား၊ ကျွန်းသစ်သာ အသင့်တော်ဆုံးပါဘုရားလို့လျှောက်တင်၍မရ၊ မုဒု မြောက်စွာ ပျော့ပျောင်းပြေပြစ်စွာလျှောက်တင်မှဖြစ်ချိမ့်မည်။

'မှန်ပါ ပျဉ်းကတိုးသားလည်းကောင်းပါတယ်ဘုရား၊ ကျွန်းသားလည်းကောင်းပါတယ်ဘုရား'

ဦးပေါ်ဦးက ယခုလိုပြန်လျှောက်တော့ ရှင်ဘုရင်လည်းတစ်မျိုးဖြစ်သွားပြီး ယခုလိုပြောပြန်သည်။

'အိမ်း ဒါဆိုလျှင် ပိတောက်သားဆိုရင်ရောမကောင်းဘူးလားကွ'

'မှန်ပါ ပိတောက်သားလည်းကောင်းပါတယ် ဘုရားကျွန်းသားလည်းကောင်းပါတယ်ဘုရား'

ဒီတော့ တစ်ခါဘုရင်ကပြောပြန်သည်။

‘ အိမ်း ယမနေသားဆိုလျှင်ရော မသင့်မြတ်ပေဘူးလားကွ’

‘မှန်ပါ ယမနေသားလည်းသင့်မြတ်ပါတယ်ဘုရား’

‘ကျွန်းသားလည်းသင့်မြတ်ပါတယ်ဘုရား’

ဘုရင်ကဘာသားပြောပြော ဦးပေါ်ဦးကအမြဲတမ်းကျွန်းသားကို ထည့်ထည့်ပြောနေတော့ ဘုရင် လည်း တဖြည်းဖြည်းသဘောပေါက် သွားပြီး ယခုလိုမိန့်သည်။

‘ဟယ်ပေါ်ဦးကလည်းစောစောစီးစီးကတည်းက ကျွန်းသားအကောင်း ဆုံးလို့ ပြောလျှင်ပြီးရော။ ကဲကဲအမိန့်ချမယ်။ ကျွန်းသားနဲ့ ဆောက်စေ’

ဤသည်မှာ ပညာရှိအမတ်ကြီးဦးပေါ်ဦး၏ရှင်ဘုရင်ကို မိမိဘက်ပါလာအောင် မုဒုမြောက်စွာလျှောက်တင်သွားပုံဖြစ်သည်။ စာရေးသူတို့အနေဖြင့် မုဒုမြောက်စွာ ဆက်ဆံပြောဆိုလာနိုင်သည်နှင့် အမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ပဋိပက္ခ အခက်အခဲများနည်းပါးလာကာ အောင်မြင်မှုများရရှိနိုင်ကြမည်ဖြစ် သည်။



"စီမံခန့်ခွဲမှု (Management)၏ အဓိကပန်းတိုင် ရည်မှန်းချက်မှာ ပြေလည်အောင်ဆောင်ရွက်ရန် ဖြစ်ရာ စီမံခန့်ခွဲသူများ အနေဖြင့် မုဒုမြောက်စွာ ပြောဆိုဆက်ဆံဆောင်ရွက် ကြခြင်းအားဖြင့် အောင်မြင်မှုများဆွတ်ယူနိုင်ကြမည်ဖြစ်ပါသည်။"

# သင့်ကိုတန်ဖိုးတက်စေမည့်မဟာဗျူဟာများ (ဃ)

မုဒုး(နူးညံ့ပျော့ပျောင်းခြင်း)မဟာဗျူဟာ (၂)

မြန်မာရာဇဝင်တွင် မုဒုမြောက်စွာလျှောက်တင်နိုင်သည့်နောက်ထပ်သူရဲကောင်း မင်းတစ်ပါးရှိသေးသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာဖြစ်သည်။ ' ဘုရင့်နောင် ဖောင်ဖျက်သလို' ဆိုသည့်စကားကို မြန်မာတိုင်းကြားဖူး၊ ပြောဖူးကြလိမ့်မည်။ ယင်းဘုရင့်နောင်ဖောင်ဖျက်သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နောင်ရှိုးတိုက်ပွဲကာလတွင် ဘုရင့်နောင်ကျော်ထင်နော်ရထာမှာ ဘုရင့်နောင်ဘွဲ့မရသေးပါ။ ကျော်ထင်နော်ရထာဘွဲ့ဖြင့်သာရှိပါသေးသည်။

မင်းတရားတပင်ရွှေထီးကနောင်ရိုးတိုက်ပွဲသို့ ကျော်ထင်နော်ရထာကို စေလွှတ်ရာ၌ စစ်ကိုခုံမင်သော စစ်ဘုရင်တစ်ပါးပီပီ သူ့ကိုစောင့်နှင့်ဦး သူရောက်မှတိုက်ကြမည်ဆိုသည့်အကြောင်းကို ကျော်ထင်နော်ရထာအားအောက်ပါအတိုင်းပြော၍ မှာကြားလိုက်သည်။

'သူလူတွေလျှင် မတိုက်လေနှင့် ငါရောက်မှတိုက်တော်မူမည်' သို့သော် ဘုရင့်နောင်မှာ တပင်ရွှေထီးညွှန်ကြားသည့်အတိုင်းမစောင့်ဘဲ ဖောင်ဖျက်ကာ ရန်သူတပ်များကို အနိုင်တိုက်ခိုက်ချေ မှုန်းပြီးမှ အောင်မြင်တော်မူပြီဆိုသည့်အကြောင်းကို တပင်ရွှေထီးအား လျှောက်ထားခိုင်းလိုက်သည်။

' ဘုန်းတော်ကြောင့် အောင်မြင်တော်မူပါပြီ'

ပုံမှန်အားဖြင့် တိုက်ပွဲအောင်မြင် လုပ်ငန်းပြီးမြောက်သွားပြီဖြစ်၍ ဤဖြစ်စဉ်အပေါ်တွင် မင်းတရားတပင်ရွှေထီးအနေဖြင့် နှစ်ထောင်းအားရရှိရမည်။ သို့သော်တပင်ရွှေထီးသည် စစ်ကိုခုံမင်သည့်စစ်ဘုရင်ဖြစ်သည်နှင့်အညီ စစ်ပွဲကို သူကိုယ်တိုင်မတိုက်ရ၍ ကျော်ထင်နော်ရထာအားယခု ကဲ့သို့ ဖြစ်တင်မောင်းမဲလေသည်။

'ငါကိုမငဲ့ဘဲနှင့် တိုက်နှင့် သည် ငါ့ပွဲတော်ကိုဖျက်သည်တကား'

ဤနေရာတွင် ကျော်ထင်နော်ရထာနေရာဝင်ရောက်ခံစား ကြည့်ပါက များစွာခံပြင်းဖွယ်ဖြစ်သည်။ မိမိမှာတာဝန်ဝတ္တရားများကို လည်းပြီးမြောက်အောင် အမှုတော်ထမ်းသက်စွန့်ဆံဖျား ဆောင်ရွက် ရသည်။ ယခုမျက်နှာမရ ခြေထောက်ရဆိုသလို ဆုပူကြိမ်းမောင်းခံနေ ရသည်။

လူငယ်များအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်ကြရာ၌ ဖော်ပြပါ အခြေအနေမျိုးများကြုံတွေ့ကြရလိမ့်မည်။ တစ်ခါတစ်ရံမိမိက လုပ်ငန်း တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ထားသော်လည်း ညွှန်ကြား ချက်အတိုင်း မဆောင်ရွက်၍သော်လည်းကောင်း၊ လုပ်ပုံလုပ်နည်း တစ်စုံတစ်ရာမှားယွင်း၍သော်လည်းကောင်း၊ မိမိတို့ထက်အသက် ဂုဏ်ဝါကြီး သူများ၊ ရာထူးကြီးသူများက ဆုပူအပြစ်တင်သည့်အခါ စိတ်လိုက်မာန်ပါ တုန့်ပြန်မပြောဆိုဘဲ မုဒုမြောက်စွာ တုန့်ပြန်ပြောဆို နိုင်ဖို့လိုအပ်သည်။

ယခုအဖြစ်အပျက်တွင် ကျော်ထင်နော်ရထာအနေဖြင့် တပင်ရွှေထီးအားမုဒုမြောက်စွာတုန့်ပြန်ပြောဆိုသည်မှာ များစွာနည်းယူ ဖွယ်ကောင်းလှသည်။ ကျော်ထင်နော်ရထာမှ တပင်ရွှေထီးအား အောက်ပါအတိုင်း ပြန်လည်လျှောက်တင်သည်။

'မှန်ပါ ဘုန်းတော်ကြီးမြတ်လှသောမင်းမြတ်ဘုရား၊ ဤတိုက်ပွဲဟာ အရှင်အရှင်ချင်းတိုက်သည့် တိုက်ပွဲမဟုတ်ပါ။ ကျွန်ကျွန်ချင်းတိုက်သည့် တိုက်ပွဲဖြစ်ပါ၍ အရှင်နှင့် မထိုက်တန်၊ ကျွန်တော်မျိုးကြီးနှင့်သာတန်ပါသဖြင့် တိုက်ပါသည် ဘုရား'

ဤလျှောက်တင်မှုမှာ မုဒုမြောက်စွာကောင်းမွန်လှသဖြင့် မင်းတရားတပင်ရွှေထီးလည်းကျေနပ်အားရတော်မူ၍ ဆုတော်လာဘ်တော်များ ချီးမြှင့်တော်မူလေသည်။

လူအများနှင့် ဆက်ဆံပြောဆိုရာတွင် မုဒုမြောက်စွာ ပြောဆိုနိုင်သူအနေဖြင့် ပဋိပက္ခအခက်အခဲများလျော့နည်းကာ အဆင်ပြေချောမွေ့စွာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်လုပ်ကိုင် နိုင်မည်ဖြစ်ပါသည်။ **စီမံခန့်ခွဲမှု (Management)၏ အဓိကပန်းတိုင်ရည်မှန်းချက်မှာ ပြေလည်အောင်ဆောင်ရွက်ရန်ဖြစ်ရာ စီမံခန့်ခွဲသူများအနေဖြင့် မုဒုမြောက်စွာ ပြောဆိုဆက်ဆံဆောင်ရွက် ကြခြင်းအားဖြင့်အောင်မြင်မှုများဆွတ်ယူနိုင်ကြမည်ဖြစ်ပါသည်။**




"ယနေ့အင်တာနက် ဖေ့စ်ဘုတ်(Facebook)ပေါ်တွင် လူငယ် များအကြားစိတ်ကြီးဝင်သည်ဟူသည့် စကားရပ်ခေတ်စားနေသည်ကို စာရှုသူတို့လည်း သိရှိမည်ထင်ပါသည်။ ဘဝတွင်အောင်မြင်တိုးတက် ရေးအတွက် စိတ်ကြီးဝင်ဖို့အမှန်တကယ် လိုအပ် ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီးက စာရေးသူ တို့ကို စိတ်ကြီးဝင်ကြစမ်းပါဟု အတိအလင်း ဟောပြော ညွှန်ကြားတော်မူခဲ့သည်။"

# သင့်ကိုတန်ဖိုးတက်စေမည့်မဟာဗျူဟာများ (၄)

(၅) 'မနောကံဦးဆောင်စေ၍ အောင်မြင်မှုကိုတည်ဆောက်ခြင်း'

'စေတနာ ဟံ ဘိက္ခဝေ ကမ္မံဝဒါမိ' (ဂေါတမဗုဒ္ဓ)

ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ကံသုံးပါးရှိသည့်အနက် 'မနောကံ'ကအကြီးအမှူးပြုဦးဆောင်ခြင်းဖြစ်သည်ဟု မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားတော်မူခဲ့သည်။



ဖော်ပြပါပုံအတိုင်း စိတ်ကမဦးဆောင်ဘဲစာရေးသူတို့အနေဖြင့် ကာယကံ၊ ဝစီကံ၊ အမှုကိစ္စများကိုဆောင်ရွက်ခြင်းမပြုနိုင်ပါပေ။ သို့ဖြစ်၍ ဘဝအောင်မြင်ရေးအတွက်ကြိုးစားဆောင်ရွက်ကြသည့် နေရာတွင်လည်းစိတ်ကိုအကြီးအမှူးပြုဦးဆောင်စေကာ ကြိုးစားအား ထုတ်ကြရမည်ဖြစ်ပါသည်။ စိတ်ကရှေ့ဆောင်လျှင် ဤကမ္ဘာပေါ်တွင် မည်သည့်အရာကို မဆိုပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။

**ယနေ့အင်တာနက် ဖေ့စ်ဘုတ်(Facebook)ပေါ်တွင် လူငယ် များအကြားစိတ်ကြီးဝင်သည်ဟူသည့်စကားရပ်ခေတ်စားနေသည်ကို စာရှုသူတို့လည်းသိရှိမည်ထင်ပါသည်။ ဘဝတွင်အောင်မြင်တိုးတက် ရေးအတွက် စိတ်ကြီးဝင်ဖို့အမှန်တကယ်လိုအပ်ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီးက စာရေးသူတို့ကို စိတ်ကြီးဝင်ကြစမ်းပါဟု အတိအလင်းဟောပြော ညွှန်ကြားတော်မူခဲ့သည်။**

> "စိတ်ကြီးဝင်ကြစမ်းပါ"
> (တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး)

စိတ်ကြီးဝင်သည်ဆိုသည်မှာ ဘဝင်မြင့်ခြင်း၊ မာန်မာန ထောင်လွှားခြင်းကိုဆိုလိုခြင်းမဟုတ်ဘဲ မိမိကိုယ်ကို တန်ဖိုးထားကာ ပထမတန်းစားသို့မဟုတ် အထက်တန်းစား စိတ်ဓာတ် မျိုးမွေးမြူ ထားရှိကြဖို့ဆိုလိုခြင်းဖြစ်သည်။ ဘဝတွင် တိုးတက်အောင်မြင် ဖို့ ပထမ တန်းစားစိတ်ဓာတ်ရှိဖို့လိုအပ်သည်။ ဒုတိယတန်းစား စိတ်ဓာတ်၊

တတိယတန်းစား စိတ်ဓာတ်များဖြင့် ဘဝတွင် အောင်မြင်မှု ကို မရရှိနိုင်ပါ။

လူတိုင်းလူတိုင်းမှာ မွေးဖွားစဉ်ကတည်းက ပထမတန်းစား အလုပ်အကိုင်ရာထူးများကိုသာ လုပ်ကိုင်လိုကြသည် ချည်းသာဖြစ်ပါသည်။ သို့သော်ကံတရားအမျိုးမျိုးကြောင့် မွေးဖွားစဉ်ကတည်းက ပထမတန်းစား အလုပ် အကိုင်ကိုလုပ်ကိုင်ခွင့်ရသူမှာ ဆယ်ရာခိုင်နှုန်း၊ နှစ်ဆယ် ရာခိုင်နှုန်းခန့်သာရှိပြီး ကျန်ရှစ်ဆယ်ရာခိုင်နှုန်းခန့်မှာ ဒုတိယတန်းစားအလုပ်အကိုင်၊ တတိယတန်းစားအလုပ်ကိုင် များကိုသာလုပ်ကိုင်ကြရသည်။ အရေးကြီးသည်က ဒုတိယတန်းစားအလုပ်အကိုင်ကို လုပ်ကိုင်ရသည်ဖြစ်စေ၊ တတိယတန်းစားအလုပ်အကိုင်ကို လုပ်ကိုင်ရသည်ဖြစ်စေ၊ ပထမတန်းစားစိတ်ဓာတ်ကို ထားရှိနိုင်ကြဖို့ဖြစ်သည်။ မိမိလုပ်ကိုင်သည့်အလုပ်ကို စိတ်ကြီးဝင်ပြီး ပထမတန်းစား စိတ်ဓာတ်ဖြင့် လုပ်ကိုင်ပါက တစ်စတစ်စအောင်မြင်မြင့်မားလာပြီး ပထမတန်းစားအလုပ်အကိုင်များကို လုပ်ကိုင်ကြရမည်ဖြစ်ပါသည်။

ဥပမာ- ပုရွက်ဆိတ်တစ်ကောင်ကိုသတ်ခြင်းနှင့် ဆင်တစ်ကောင်ကိုသတ်ခြင်းမှာ သူ့အသက်ကိုသတ်သည့်ကံချင်းတူသော်လည်း အားထုတ်ရသည့် အားထုတ်မှု၊ စိတ်စေတနာ စေ့ဆော်မှုတို့ ကွာခြားသဖြင့် ကံအကျိုးပေးချင်းလည်း ကွာခြားသည့် သဘောဖြစ်သည်။ မိမိဆောင်ရွက်လုပ်ကိုင်သည့်အလုပ်ကို ပထမတန်းစား စိတ်ဓာတ်ထားကာ စိတ်စေတနာအပြည့်ဖြင့် အားထုတ်ဆောင်ရွက်လုပ်ကိုင်ပါက မိမိ၏ တန်ဖိုးတစ်စတစ်စမြင့်မားလာကာ ဘဝအောင်မြင်မှုများ ဆွတ်ယူရရှိ နိုင်ကြမည်ဖြစ်ပါသည်။



"ကုသိုလ်ကံ၏ အာနုဘော်မှာ ကြီးမြတ်သောကြောင့်
ကောင်းမှုပြုခြင်း၏အကျိုးရလဒ်ကို ရေရှည်တွင်
ဖြည်းဖြည်းမှန်မှန်ခံစားသွားကြရမည် ဖြစ်ပါသည်။
အောင်မြင်မှုဆီသို့ချီတက်ကြရာ၌ နည်းမှန် လမ်းမှန်ဖြင့်
ဖြည်းဖြည်း မှန်မှန်ချီတက်ကြဖို့လိုသည်။"

# သင့်ကိုတန်ဖိုးတက်စေမည့် မဟာဗျူဟာများ(စ)

## (၆) ကောင်းမှုကုသိုလ်ကံ၏ အကျိုးအာနိသင်ကိုအသုံးချပါ


ကျည်းကန်ရှင်ကြီးကမေး၍ ကျီးသဲလေးထပ်ဆရာတော်ကြီး ဖြေဆိုတော်မူသော "စွယ်စုံကျော်ထင်ကျမ်း" အမေးပုစ္ဆာ ၂၁၄းခု၌ 'အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ဘယ်ကံအားကြီးကြသနည်း' ဟု မေးထားရာတွင် ကျီးသဲလေးထပ်ဆရာတော်ကြီးက 'ကံ ၂ပါးတွင် အကုသိုလ်ကံအားနည်း၏။ ကုသိုလ်ကံအားကြီး၏' ဟု အတိအလင်းဖြေဆိုတော်မူထားပါသည်။

လူတော်တော်များများအနေဖြင့်ဘဝတွင် မကောင်းမှုအကုသိုလ်ကံများက လျင်မြန်စွာ အကျိုးပေးပြီး ကောင်းမှုကုသိုလ်ကံများက အကျိုးပေးရန်နှောင့်နှေးသဖြင့် ကံ ကံ၏အကျိုးပေးအပေါ် မယုံကြည်ကြ သယောင်

ပြောဆိုလေ့ရှိကြသည်။ အမှန်စင်စစ် အကုသိုလ် ကံသည် အာနုဘော် နည်းသောကြောင့် မြန်စွာအကျိုးပေးပြီး ကုသိုလ်ကံကား အာနုဘော်ကြီးမြတ် သောကြောင့် နှောင့်နှေးမှ အကျိုးပေးသည့် သဘော ဖြစ်သည်။

ဥပမာ - ကောက်ပဲ၊ စပါးစသောအသီးအနှံပင်တို့သည် တစ်ကြိမ်သာ စားရ၍ အာနုဘော်ငယ်သောကြောင့်လျင်မြန်စွာကြီး သဖြင့်လျင်မြန်စွာသီးပြီး အုန်း၊ ထန်းစသော အပင်တို့သည် ကာလ ရှည်ကြာစွာစားရ၍ အာနုဘော်ကြီးသောကြောင့် တဖြည်းဖြည်းကြီး ထွားကာ နှေးနှေးသီးသည့် သဘောဖြစ်ပါသည်။

ဘဝတွင် ထိပ်တန်းရောက်အောင်မြင်လိုသူတစ်ဦးအနေဖြင့် မိမိတို့၏ ဘဝတွင် ကုသိုလ်ကံပင်များများပြားစွာ စိုက်ပျိုးရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ကုသိုလ်ကံ၏ အာနုဘော်မှာ ကြီးမြတ် သောကြောင့် ကောင်းမှုပြုခြင်း၏ အကျိုးရလဒ်ကို ရေရှည်တွင် ဖြည်းဖြည်းမှန်မှန်ခံစားသွားကြရမည်ဖြစ်ပါသည်။ အောင်မြင်မှုဆီသို့ ချီတက်ကြရာ၌ နည်းမှန်လမ်းမှန်ဖြင့် ဖြည်းဖြည်းမှန်မှန်ချီတက်ကြဖို့ လိုပါသည်။



(ပုံ) -၁ (ပုံ) -၂

ဥပမာ-ဖော်ပြပါပုံအတိုင်း အောင်မြင်မှုလှေကားထစ်များကို တက်လှမ်းရာတွင် ပုံ(၁)အတိုင်း ဖြည်းဖြည်းမှန်မှန်တစ်ဆင့်ချင်းတက်လှမ်းပါက တက်လှမ်းရလွယ်ကူသလို မတော်တဆ ခြေချော်လက်ချော်ပြုတ်ကျလျှင်လည်း များစွာ အထိမနာလှပေ။ ပုံ(၂)အတိုင်း အမြန်ရောက်လိုဇောဖြင့် မတန်မဆကျော်လွှားခုန်ပျံတက်ပါက သက်တောင့်သက်သာမဖြစ်၊ မလွယ်ကူသလို မတော်တဆခြေချော်လက်ချော်ပြုတ်ကျပါကလည်း များစွာ အထိနာမည့်သဘော ဖြစ်ပါသည်။

တစ်ဆင့်ချင်းတစ်ဆင့်ချင်းတက်လှမ်းရာတွင်လည်း အခက်အခဲ ဆိုတာကတော့တွေ့ကြရမည်သာဖြစ်သည်။ သို့သော် ဖော်ပြခဲ့သည့် အတိုင်း အကုသိုလ်ကံနှင့်ကုသိုလ်ကံတို့၏ အာနိသင်ကွာခြားမှုကို ကောင်းစွာ နားလည်သဘောပေါက်ပါက ကောင်းစွာ နှလုံးသွင်း ဆင်ခြင်နိုင်ပြီး မှန်ကန်စွာ ကြိုးစားအားထုတ်နိုင်မည်ဖြစ်သည်။

ဥပမာ-စာရေးသူတို့အနေဖြင့် လုပ်ငန်းခွင်အတွင်းတွင် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်ဆောင်ရွက်ရင်း မရည်ရွယ်ဘဲ မတော်တဆ ချွတ်ချော်မှားယွင်းဆောင်ရွက်မိပါက လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ အပြစ်ပေးအရေးယူခံရသည့်အခါ မိမိက ကြိုးစား အားထုတ်သော်လည်းမတရားသဖြင့် အပြစ်ပေးရေးယူခံရသည်ဟု ခံစားတတ်ကြသည်။

အမှန်စင်စစ် အကုသိုလ်ကံသို့မဟုတ် မကောင်းမှုကံ၏ အာနိသင်မှာငယ်သောကြောင့် ချက်ချင်းအကျိုးပေး ခြင်း ဖြစ်ပြီး အလုပ်ကိုကြိုးစားအားထုတ်သည့်ကောင်းမှု၏ အာနိသင် မှာ ကြီးသောကြောင့်ချက်ချင်းလက်ငင်းအကျိုးမပေးဘဲ ကာလအတိုင်း အတာတစ်ခုရှည်ကြာလာမှ တဖြည်းဖြည်းချင်းအကျိုးပေးလာတတ် သည့်သဘောဖြစ်ပါသည်။ မြန်မာလူငယ်တစ်ယောက်အနေဖြင့် ကံ တရားတို့၏ နူးညံ့သိမ်မွေ့မှု၊ လောကသဘာဝတို့ကို ကောင်းမွန်စွာ နားလည်သဘောပေါက်ဆင်ခြင်နှလုံးသွင်းနိုင်ပါက မြန်မာ့နည်း မြန်မာ့ ဟန်ဖြင့် ကြိုးစားအားထုတ်ကာ ကမ္ဘာနှင့် ရင်ဘောင်တန်းယှဉ်ပြိုင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။




"ဉာဏ်ရှိလာအောင် ဉာဏ်ကိုဖန်တီးကြရမည်ဖြစ်သည်။ ပိုမိုကောင်းမွန်မှန်ကန်သည့် ဉာဏ်ကို ဖန်တီးနိုင်လေလေ၊ ပိုမိုအောင်မြင်လေလေဖြစ်သည်။"

# သင့်ကို တန်ဖိုးတက်စေမည့်မဟာဗျူဟာများ (ဆ)

## (၇) ဉာဏ်ကိုဖန်တီးခြင်း

ဉာဏ်ရှိမှအောင်မြင်မည်ဆိုသည့်စကားကို ကြားဖူးကြလိမ့်မည် မှန်ပါသည်။ ကောင်းမွန်မှန်ကန်သည့် ဉာဏ်ရှိပါမှ ဘဝတွင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ဉာဏ်ရှိလာအောင် ဉာဏ်ကိုဖန်တီး ကြရမည် ဖြစ်သည်။ ပိုမိုကောင်းမွန်မှန်ကန်သည့် ဉာဏ်ကိုဖန်တီးနိုင်လေ လေ၊ ပိုမိုအောင်မြင်လေလေဖြစ်သည်။




အဓိကအားဖြင့် ဉာဏ်ကိုဖြစ်စေနိုင်သည့် အကြောင်းအရင်း ကြီးနှစ်ချက်ရှိပါသည်။ ယင်းနှစ်ချက်မှာ ဖော်ပြပါ ပုံအတိုင်း

(၁) ပညာ

(၂) ဗဟုသုတ

ဟူ၍ဖြစ်သည်။ စာရေးသူတို့ မြန်မာ့လူ့အဖွဲ့ အစည်းတွင် ပညာဗဟုသုတ ဟူ၍ သုံးနှုန်းကြလေ့ရှိသော်လည်း ယင်းအရာနှစ်ခုတွင် ရှေးဦးစွာ ဗဟုသုတကို စုဆောင်းဆည်းပူးကြရမည်ဖြစ်ပြီး ရရှိလာသည့် ဗဟုသုတ များကို ပညာဖြစ်လာအောင် ကြိုးစားကြရမည်ဖြစ်သည်။ ဗဟုသုတ အချက်အလက်များကို အသုံးပြု၍ ပညာဖြစ်လာအောင် ဖန်တီး အားထုတ်ရမည့်သဘောဖြစ်သည်။ ပညာအရည်အသွေးမြင့်မား ကောင်းမွန်လာလေလေ၊ အဆိုပါပုဂ္ဂိုလ်၏ ဉာဏ်အရည်အသွေးမြင့်မား ကောင်းမွန်လေလေဖြစ်သည်။




လူသား တစ်ယောက်အနေဖြင့် ယင်းပညာဗဟုသုတများ ရရှိရေးအတွက် ယေဘုယျအားဖြင့်

(၁) အမြင်

(၂) အကြား

(၃) ခံစားထိတွေ့မှု ဟူသည့် လမ်းကြောင်းကြီးသုံးကြောင်းမှ သွင်းအားစု (Input) အနေဖြင့် လက်ခံရရှိပြီးယင်းအမြင်၊ အကြား၊ ခံစားထိတွေ့မှုများမှ ရရှိလာသည့် ကြောင်းအရာအချက်အလက်များကို ရှေးဦးစွာမှတ်သားရန် လိုအပ်သည်။ ထိုမှတစ်ဆင့် ကိုယ်တိုင်ခံစားနိုင်အောင်အားထုတ်ကာ ထိုမှတစ်ဆင့်ကိုယ်တိုင်သိမြင်နားလည်လာအောင်ကြိုးစားပြီး ပညာဗဟုသုတဖြစ်လာအောင် ဖန်တီးရသည့် သဘောဖြစ်သည်။



လူတစ်ယောက်အနေဖြင့် နေ့စဉ်နေ့စဉ် မိမိကြုံတွေ့နေရသည့် အဖြစ်အပျက်အတွေ့အကြုံများ၏အမြင်၊ အကြား၊ ခံစားထိတွေ့မှုများမှ သာသင်ယူမည်ဆိုပါက ရရှိလာမည့် ပညာဗဟုသုတမှာ နည်းပါးသည့်အတွက် အခွင့်အခါပေါ်မူတည်၍ အခြားသူများ၏အတွေ့အကြုံများမှ သင်ယူကာပညာဗဟုသုတဖြစ်လာအောင် ဖန်တီးနိုင်ဖို့ လိုအပ်သည်။ အခြားသူများ၏ အတွေ့အကြုံများမှ သင်ယူနိုင်ရန်အကောင်းဆုံးနည်းလမ်းမှာ စာဖတ်ခြင်းဖြစ်သည်။ ဘဝ၏ တန်ဖိုးရှိသည့် အချိန်များကို စာဖတ်ခြင်းတွင် ရင်းနှီးမြှုပ်နှံသင့်သည်။

စာပေဟုဆိုရာတွင် ယေဘုယျအားဖြင့် သုံးမျိုးထပ်မံခွဲခြားနိုင်သည်။ ယင်းသုံးမျိုးမှာ-

(၁) စာ

(၂) ကျမ်း

(၃) ကျမ်းဂန် ဟူ၍ဖြစ်သည်။ စာဟူသည်မှာ စာရေးသူတို့အားလုံး ရေးသားသည့် ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး စသဖြင့် အားလုံးပါဝင်သည်။ ကျမ်းဟူသည်မှာ ပညာရပ်တစ်ခုခုကို အက္ခရာအစီအစဉ်ဖြင့် စနစ်တကျပြုစုရေးသားထားခြင်းဖြစ်သည်။ ဥပမာ-ဆေးကျမ်း၊ ဗေဒင်ကျမ်းစသည်ဖြင့်ဖြစ်သည်။ ကျမ်းကို စကားလုံးတစ်လုံးပေါင်းထည့်လိုက်၍ ကျမ်းဂန်ဟူသည်မှာ ကားမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့် တရားတော်များ

ဖြစ်သွားသည်။ စာကိုဖတ်ရှုသက်အတိုင်းအ တာ တစ်ခုအထိရလာ သည့်အခါကျမ်းကို တစ်ဆင့်တက်၍ ဖတ်ရှုသင့် သည်။ ထိုမှတဆင့် ကျမ်းကိုဂန်ဟူသည့် စကားလုံးတစ်လုံးပေါင်းထည့် လိုက်ပြီး ကျမ်းဂန် များကိုပါ တိုးတက်ဖတ်ရှုသင့်ပါသည်။

စာဖတ်ရှု၍ ရရှိလာသောအသိကို 'စာသိ'ဟုခေါ်သည်။ အခြားသူများဟောပြောခြင်းကို နာကြားနားထောင်၍ ရရှိလာသော အသိကို 'နာသိ'ဟုခေါ်သည်။ ကောင်းမွန်မှန်ကန်သည့် ပညာဗဟုသု တ၊ ကောင်းမွန်မှန်ကန်သည့် ဉာဏ်ကိုဖန်တီးလိုသူတစ်ယောက်အနေ ဖြင့် 'စာသိ'၊ 'နာသိ'အဆင့်တွင်သာ ရပ်မနေဘဲကိုယ်တိုင်သိမြင်နား လည်သည့် 'ငါသိ'အဆင့်ထိရောက်အောင် ကြိုးစားအားထုတ်ကြရ မည်ဖြစ်ပါသည်။



"လုပ်ငန်းခွင်အတွင်း၊ လူ့လောကအတွင်းများပြား လှစွာသောဒေါသထွက်စရာအဖြစ်အပျက်များကို ချင့်ချိန်သုံးသပ်ရင်ဆိုင်ဖြေရှင်းနိုင်ခြင်းအားဖြင့် ဘဝတွင် အပြုသဘောဆောင်သော ရလဒ်များကို ရရှိပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပါသည်။"

# မေတ္တာဖြင့် အောင်မြင်ခြင်း

ယနေ့ခေတ်သည် ဒေါသထွက်စရာအလွန်များပြားသော ခေတ်ဖြစ်သည်။ ဤလောက၌ မိမိစိတ်အလိုမကျတိုင်းသာ ဒေါသထွက်ရလျှင် ဒေါသချည်းထွက်နေရပြီး အလုပ်လုပ်စရာအချိန်သည်ပင်လျှင် ရှိတော့မည်မဟုတ်ချေ။ အမှန်စင်စစ် ဒေါသထွက်ခြင်းကြောင့် မိမိ ဒေါသထွက်သူမှာ တစ်စုံတစ်ရာ မထိခိုက်ပဲ မိမိမှာသာ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ရခြင်းဖြစ်သည်။ သုံးသပ်သည်ဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ သုံးခုကို သပ်ချခြင်းဖြစ်ရာ၊ ဒေါသထွက်နေစဉ် အခါ၌ သုံးသပ်မှုမပြုလုပ်နိုင်ပဲ ဆုံးဖြတ်မှုများ၊ လုပ်ဆောင်မှုများပါ မှားယွင်းနိုင်ခြင်းဖြစ်သည်။ ဒေါသ၏ ဆိုးကျိုးကား အနန္တတည်း။

ထို့ကြောင့် လောကနီတိ၌

"ပဏ္ဍာနုရူပကံ ဝါကျံ၊

သဘာဝရူပကံ ပိယံ။

အတ္တာနုရူပကံ ကောခံ၊

ယော ဇာနာတိ သပဏ္ဍိတော။"

ဟူ၍ဆိုထားခြင်းဖြစ်သည်။ ယင်း၏အနက်အဓိပ္ပါယ်မှာ -

လောကေ = လောက၌၊ ပဏ္ဍာနုရူပကံ = အရေးအခွင့်ရောက်သည်နှင့် လျော်သော၊ ဝါကျံ = စကားကို လည်းကောင်း၊ သဘာဝရူပကံ = ကိုယ်အား လျောက်ပတ်သော၊ ပိယံ = ချစ်အပ်သောသူကို လည်းကောင်း၊ အတ္တာနုရူပကံ = ကိုယ်နှင့်တန်ရှိသော၊ ကောခံ=အမျက်ကို လည်းကောင်း၊ ယော = အကြင်သူသည်၊ ဇာနာတိ = သိတတ်၏၊ သော = ထိုသူသည်၊ ပဏ္ဍိတော = ပညာရှိမည်၏ ဟူ၍ဖြစ်သည်။

ဒေါသအမျက်ဆိုသည်မှာ အနာဂါမ် ပုဂ္ဂိုလ်မှသာကင်းသည်ဖြစ်၍ စာရေးသူတို့မှာ ပုထုဇဉ်များ ဖြစ်သည့်အလျောက် လူ့လောကတွင် ကျင်လည်နေသည့်နှင့် အမျှ ဒေါသနှင့် အနည်းနှင့်အများ ဆိုသလိုတွေ့ကြုံရင်ဆိုင်နေကြရဦးမည်ဖြစ်ပါသည်။ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့်အောင်မြင်လိုသူတစ်ဦးအနေဖြင့် ဒေါသကို ကောင်းမွန်မှန်ကန်စွာရင်ဆိုင်နိုင်ရန် လိုအပ်ပါသည်။ ဖော်ပြပါ လောကနီတိ၏ အလိုအရ ဒေါသကို မိမိနှင့်ထိုက်တန်သည့် အားလျော်စွာသာ ချင့်ချိန်ဖြစ်ပေါ်

သင့်ပါသည်။ လုပ်ငန်းခွင်အတွင်း၊ လူ့လောကအတွင်း များပြားလှစွာသောဒေါသထွက်စရာအဖြစ်အပျက်များကို ချင့်ချိန်သုံးသပ်ရင်ဆိုင်ဖြေရှင်းနိုင်ခြင်းအားဖြင့် ဘဝတွင် အပြုသဘောဆောင်သော ရလဒ်များကို ရရှိပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပါသည်။

ဒေါသကို ရင်ဆိုင်ရန် အကောင်းဆုံးလက်နက်မှာ မေတ္တာလက်နက်ဖြစ်ပါသည်။ စွယ်စုံကျော်ထင်ကျမ်းတွင် ကျည်းကန်ရှင်ကြီး၏ 'မေတ္တာပို့မည်၊ လှူပေးမည်၊ ဘယ်သည် ကုသိုလ်ကြီးသနည်း' ဆိုသည့် မေးခွန်းကို ကျီးသဲလေးထပ် ဆရာတော်ကြီးမှ ပြန်လည်ဖြေကြားရာတွင် ဒါန၏အကျိုးမှာ ကာမသုဂတိဘုံ၌သာ အကျိုးပေးပြီး ကာမဓာတ်ကိုမလွန်ဆန်နိုင်ပဲ မေတ္တာပွားများခြင်း၏အကျိုးမှာ မူကား ရူပါဝစရဖြဟ္မာ့ဘုံသို့ ရောက်စေသည့်တိုင်အောင် အကျိုးပေးနိုင်သည့်အတွက် ပိုမိုအကျိုးကြီးသည်ဟု အတိအလင်းဖော်ပြထားပါသည်။ မိမိ၏လုပ်ငန်းခွင်အတွင်း မိမိ၏လုပ်ဖော်ကိုင်ဖက်များအပေါ် ဝယ်သူများအပေါ်၊ ပြိုင်ဖက်များအပေါ် မေတ္တာထားရှိပွားများလာနိုင် သည့်နှင့်မျှအောင်မြင်မှုအကျိုးရလဒ်များ တစတစ တိုးပွားရရှိခံစားလာကြရမည်ဖြစ်ပါသည်။

ထို့အပြင် မေတ္တာပို့ရခြင်း၏ အကျိုးဆယ့်တစ်ပါးကိုလဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက တိုက်ရိုက်ဟောကြားတော်မူထားပါသည်။ ယင်းမေတ္တာပို့ရခြင်း၏အကျိုးဆယ့်တစ်ပါးမှာ -

၁။ သုခံ၊ ချမ်းသာစွာ။ သုပ္ပတိ၊ အိပ်ရ၏။

၂။ သုခံ၊ ချမ်းသာစွာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။

၃။ ပါပကံ၊ ဆိုးရွားယုတ်မာ မကောင်းစွာသော။ သုပိနံ၊ အိပ်မက်ကို နပဿတိ၊ မမြင်မက်ရ။

၄။ မနုဿာနံ၊ လူအပေါင်းတို့၏။ပိယော၊ ချစ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။

၅။ အမနုဿာနံ၊ တစ္ဆေ ဖုတ်၊ ကျတ်၊ နတ်ရုံ စုန်းရှူး ဘီလူး ရက္ခိုသ်တို့၏။ ပိယော၊ ချစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၆။ ဒေဝတာ၊ နတ်ကောင်းတို့သည်။ အနုရက္ခန္တိ၊ အစဉ်စောင့်ရှောက်ကုန်၏။

၇။ အဿ၊ ထိုမေတ္တာပွားသောသူအား။ အဂ္ဂိဝါ၊ မီးသည်လည်း။ နကမတိ၊ မလောင်နိုင်။ ဝိသံဝါ၊ အဆိပ်သည်လည်း။ နကမတိ၊ မတတ်နိုင်။ သတ္ထံဝါ၊ မြှား၊ လှံ၊ မီးပေါက်စသောလက်နက်သည်လည်း။ နကမတိ၊ မရောက်နိုင်။

၈။ တုဝဋံ၊ ဆောဆောလျင်လျင်။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။

၉။ မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်။ ဝိပ္ပသီဒတိ၊ ကြည်လင်၏။

၁၀။ အတိမုဠှော၊ မတွေဝေ သည်ဖြစ်၍။ ကာလံကရောတိ၊ သေရ၏။

၁၁။ ဥတ္တရီ၏ လွန်မြတ်သော လောကုတ္တရာ တရားကို။ အပ္ပဋိဝိဇ္ဈနေ္တာ၊ ထိုးထွင်း၍ မသိနိုင်သည်ရှိသော်။ ဗြဟ္မလောကူ ပဂေါ၊ ဗြဟ္မာ့ပြည်သို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

ဟူ၍ ဖြစ်ပါသည်။ ယင်းမေတ္တာအကျိုးဆယ့်တစ်ပါးတွင် ရှေ့ဆယ်ပါးမှာ မျက်မှောက်ဒိဋ္ဌမမ္မအကျိုးများဖြစ်၍ မေတ္တာပွားများခြင်းဖြင့်ဒေါသကို လျော့ပါးစေကာ ကောင်းကျိုးများဖြစ်ထွန်း စေပြီး မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်နိုင်ကြ မည်ဖြစ်ပါသည်။



"လူတစ်ယောက် ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် အဓိကအဆုံးအဖြတ်ပေးသည်မှာ အားကြီးခြင်း၊ အားငယ်ခြင်း၊ အားသာချက်၊ အားနည်းချက်များ မဟုတ်ပဲ အဆိုပါအားကြီးခြင်း၊ အားငယ်ခြင်း၊ အားသာချက်၊ အားနည်းချက်များအပေါ်တွင် အဆိုပါ ပုဂ္ဂိုလ်အနေဖြင့်မည်သည့်မဟာဗျူဟာကို မည်သို့ မည်ပုံ သုံးစွဲသနည်းဟူသည့်အချက်ဖြစ်ပါသည်။"

# ဉာဏ်တော်ကိုရှယ်၊ ပရိယာယ် (ဝါ) မဟာဗျူဟာ (Strategy)

မဟာဗျူဟာ (Strategy) သည် ဘဝအောင်မြင်ရေးအတွက် လွန်စွာ အရေးပါလှသည်။ လူတစ်ယောက် ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် အဓိကအဆုံးအဖြတ်ပေးသည်မှာ အားကြီးခြင်း၊ အားငယ်ခြင်း၊ အားသာချက်၊ အားနည်းချက်များမဟုတ်ပဲ အဆိုပါ အားကြီးခြင်း၊ အားငယ်ခြင်း၊ အားသာချက်၊ အားနည်းချက်များအပေါ်တွင် အဆိုပါ ပုဂ္ဂိုလ်အနေဖြင့် မည်သည့် မဟာဗျူဟာကိုမည်သို့မည်ပုံ သုံးစွဲ သနည်း ဟူသည့် အချက်ဖြစ်ပါသည်။ အားကြီးသည့် ပုဂ္ဂိုလ်ပင်ဖြစ်လင့်ကစား မဟာဗျူဟာသုံးစွဲမှု အားယွင်းပါက မအောင်မြင်ဖြစ်နိုင်သလို. . . အားသာချက်များ မည်မျှပင်ရှိနေစေကာမူ မဟာဗျူဟာ သုံးစွဲမှု

မကိုက်ညီပါက အရှုံးနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့အတူ. . . အားငယ်သည့် ပုဂ္ဂိုလ်ပင်ဖြစ်လင့်ကစား မဟာဗျူဟာ သုံးစွဲမှုမှန်ကန်ပါက အောင်ပွဲရနိုင်သလို၊ အားနည်းချက်များရှိနေစေကာမူ မဟာဗျူဟာ သုံးစွဲမှု အံဝင်ခွင်ကျ ကိုက်ညီပါက အောင်မြင်မှုကို ရရှိနိုင်ပါသည်။

ဘောလုံးပွဲတစ်ပွဲတွင် အသင်းတစ်သင်းအနေဖြင့် ပြိုင်ဖက်အသင်းအပေါ် အချိန်ပြည့်လွှမ်းမိုးခြယ်လှယ်ကစားနိုင်သော်လည်း ပွဲချိန်စေ့ခါနီးတွင် ပြိုင်ဖက်အသင်းမှ အနိုင်ဂိုးသွင်းယူနိုင်ပါက အရှုံးပေးရသလို. . . ဘဝကစားပွဲတွင်လဲ မဟာဗျူဟာရွေးချယ်မှု မှန်ကန်ရုံသာမက ယင်းမဟာဗျူဟာကိုရလဒ် ထွက်ပေါ်လာအောင် ကစားနိုင်ဖို့လိုသည်။ ဘဝအောင်မြင်ရေးအတွက် မဟာဗျူဟာရွေးချယ်ကြရာတွင် အထူးဂရုပြုရမည့် အချက်နှစ်ချက်မှာ -

(၁) မိမိအတွက် အရေးကြီးသည့်အရာ၊ ဦးစားပေးရမည့်အရာများကို အသေအချာနားလည်သဘောပေါက်ရန်နှင့်

(၂) ပေးထားသည့်အချိန်ကာလတစ်ခုအတွင်းတွင် မိမိလုပ်သင့်လုပ်ထိုက်သည့်အရာများကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင် နိုင်ရန် တို့ဖြစ်ပါသည်။

ပရိယာယ်၊ မဟာဗျူဟာ သုံးစွဲမှုနှင့် ပတ်သက်၍ စွယ်စုံကျော်ထင် ကျမ်းတွင် ကျည်းကန်ရှင်ကြီးက

"ဘီလူးစေတဲ့၊ တွေ့တုံခဲ့၊ ဘယ်ကြောင့် လောင်းတော်လွတ်သနည်း"

ဟုမေးမြန်းရာ ကျီးသဲလေးထပ်ဆရာတော်ကြီးက "ဉာဏ်တော်ကို ရွယ်၊ ပရိယာယ်၊ ယိုးမယ်ဆို၍လွတ်သတည်း။" ဟုဖြေကြားတော်မူထားပါသည်။

ယင်း၏ အဓိပ္ပါယ်အနက်အကျယ်မှာ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး၏ သားဖြစ်တော် မူစဉ်က လေး၊ လှံ၊ တုတ်၊ ဓား၊ ခက်ရင်း ငါးပါးသောလက်နက်တို့ကို အတုမဲ့တတ်အပ်သောကြောင့် 'ပဉ္စာဝုဓ မင်းသား' ဟုအမည်တွင် တော်မူ၏။ မင်းသားသည် အရွယ်ရောက်သည့်အခါ တက္ကသိုလ်ပြည်တွင် ပညာသင်၍ ပညာစုံသော် လက်နက်ငါးပါးဆောင်လျက် ဗာရာဏသီပြည်သို့ပြန်ခဲ့သော်. . . "သိလေ သလောမ" အမည်ရသော ဘီလူးစောင့်သည့် တောအုပ်သို့ရောက်လေ၏။

မင်းသားလည်း ဘီလူးနှင့် ရင်ဆိုင်တွေ့သည့်အခါ သူ၏ ငါးပါးသောလက်နက်တို့ဖြင့် တိုက်ခိုက်သော်လည်း လက်နက်တို့မှာ ဘီလူး၏ အမွေး၌သာငြိတွယ်ကြကုန်၏။ သို့သော် မင်းသားမှာ မကြောက်မရွံ့ပဲ လက်ခမောင်းခတ်ကာ လက်၊ ခြေတို့ဖြင့် တိုက်ခိုက်သော်လဲ. . . ပင့်ကူမျှင်၌ ကပ်သောယင်ကဲ့သို့ ဘီလူး၏အမွေး၌ ငြိ၍

မလှုပ်ရှားနိုင်ပဲရှိ၏။ ထိုအခါ ဘီလူးလဲ မင်းသား၏ မကြောက်ရွံ့သော ရဲရဲတောက်အသွင်ပြင်ကို ထိတ်လန့်ကာ ယခုကဲ့သို့ မေးမြန်း၏။

"မောင်လုလင်၊ ငါ့ခံတွင်းသို့ ဝင်အံ့သည်ကိုစင်စစ်သိလျက် အဘယ်ကြောင့် မကြောက်မရွံ့ ရဲဝံ့တင်းမာဘိသနည်း"

ထိုအခါ မင်းသားက

"ဟယ် ဘီလူး၊ သတ္တဝါဟူသမျှကား တစ်ဘဝတွင် တစ်ခါ သေမြဲဖြစ်၍ ငါမကြောက်သတည်း။ သို့ရာတွင်မူကား သင်သည် တစ်ပါးသတ္တဝါကို စားကာနေပေသော ဘီလူးတန်ခိုးကြီးဖြစ်သည်။ ငါ့ကိုစားလျှင်ငါ့ဝမ်းတွင်ရှိသော ဝဇီရစိန်လက်နက်ခွဲကာထွက်၍ သင် သေရလေတော့မည်။ သို့ဖြစ်၍ ငါ့တစ်ယောက်ကိုစားကာနှင့် မသေပါစေနှင့်ဦး။" ဟုဆို၏။

ထိုအခါ ဘီလူးလဲ မင်းသားပြောသည့်အတိုင်း ယုံကြည်၍ မင်းသားကို လွှတ်လေသည်။ ထို့နောက် မင်းသားက ဆုံးမသည့်အခါ ဘီလူးလဲ ငါးပါးသီလဋ္ဌ တည်၏။

ဤဇာကနိပါတ် ပဥ္စာဝုမ ဇာတ်တွင် ပဥ္စာဝုဓမင်းသည်

(၁) အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့သော်လည်း မိမိ၏အစွမ်း အစကို ယုံကြည်ကာ အပြည့်အဝကြိုးစားအားထုတ်ခြင်း။

(၂) အခြေအနေ၊ အချိန်အခါ၊ ပေးထားချက်များအရ. . .

ပညာတည်းဟူသော ဝဇီရစိန်လက်နက်ကို ပရိယာယ်ပြုကာ ထိရောက်မှန်ကန်သည့်မဟာဗျူဟာကို သုံးစွဲနိုင်ခြင်းတို့ကြောင့် မိမိထက်အားကြီးသည့် ဘီလူးစေးအပေါ် အောင်ပွဲရခြင်းဖြစ်ပါသည်။ ဘဝတွင် ဆောင်ရွက်လုပ်ကိုင်အားထုတ်ကြရာ၌ မည်သည့်အခြေအနေမျိုးမှာပင်ဖြစ်စေ မိမိကိုယ်ကို ယုံကြည်လေးစားဖို့လိုသည်။ မိမိကိုယ်ကိုယုံကြည်လေးစားပြီး မဟာဗျူဟာ ရွေးချယ်မှုမှန်ကန်ကာ အပြည့်အဝကြိုးစားအားထုတ်ကြပါက အောင်ပွဲက လက်တစ်ကမ်းတွင်ရှိနေပါသည်။



"ဘဝအတွေ့အကြုံဆိုသည်မှာ အချိန်တစ်ရက်ကုန်ဆုံးသွားတိုင်း အလိုအလျောက် ရရှိလာသည် မဟုတ်ပဲ နေစဉ်ဖြစ်ပျက် ကြားနာနေရသည့် ကိစ္စများအပေါ်တွင် သင်ယူနိုင်ပါမှ အတွေ့အကြုံဟူ၍ ရရှိလာခြင်းဖြစ်သည်။ မသင်ယူမနာကြားပဲ နေ့ရက်များကို ဖြုတ်သန်းပါက အတွေ့အကြုံဟုမခေါ် ဆိုနိုင်ပဲ ဖြစ်ရပ်များကို ဖြတ်သန်းနေခြင်းမျှသာဖြစ်သည်။"

# ဘဝမော်ဒယ်လ်မြှင့်တင်ခြင်း

စာရေးသူတို့တော်တော်များများက ဖုန်းမော်ဒယ်လ်အသစ်တစ်ခုထွက်လာတိုင်း ဝယ်လိုကြသည်။ ကိုင်လိုကြသည်။ ဒစ်ဂျစ်တယ်လ်ပစ္စည်းအသုံးအဆောင်များကို အစဉ်အမြဲ မော်ဒယ်လ် အမြင့်ကိုသာ လဲလှယ်ကိုင်ဆောင်လိုကြသည်။ ဘဝမှာ အောင်မြင်မှုများရရှိ ဆွတ်ခူးလိုလျှင်လည်း မိမိတို့၏ စိတ်ကို စဉ်ဆက်မပြတ် မော်ဒယ်လ်မြှင့်တင်မြင့်မားနေဖို့ လိုအပ်သည်။ စာရေးသူတို့က အသုံးအဆောင် ပစ္စည်းများကိုသာ မော်ဒယ်လ်မြှင့်တင်သုံးစွဲနေကြပြီး မိမိတို့၏ စိတ်ကိုတော့ မော်ဒယ်လ်မြှင့်တင်ဖို့၊ မိမိတို့၏ ဘဝကိုတော့မော်ဒယ်လ်မြှင့်တင်ဖို့ မေ့လျော့နေကြသည်။

**"စိတ်ကိုဘယ်လိုမော်ဒယ်လ်မြှင့်မလဲ"**

ဒီကနေ့ခေတ် မော်ဒယ်လ်မြင့်ဖုန်းတစ်လုံးထွက်လာပြီဟု ဆိုလျှင် ယခင်ဖုန်းများနှင့် အဓိကကွာခြားသွားသည်မှာ -

(၁) အကြမ်းခံလာနိုင်မှု (ရေဒဏ်၊ ဖုန်မှုန့်ဒဏ်များကို ပိုမို ခံနိုင်ရည် ရှိလာမှု)

(၂) ကင်မရာအရည်အသွေးပိုမိုကောင်းမွန်လာမှုတို့ဖြစ်သည်။

ဘဝမော်ဒယ်လ်၊ စိတ်မော်ဒယ်လ်ကို မြှင့်တင်သည့် နေရာတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ မိမိတို့အားနဖြင့် လောကဓံကို ပိုမိုခံနိုင်ရည်ရှိ လာလေလေ. . .၊ လူအမျိုးမျိုးတို့၏ ဝေဖန်အပြစ်တင်ပြောဆိုမှု တို့ကို ပိုမိုခံနိုင်ရည်ရှိ လာလေလေ မိမိတို့၏ ဘဝမော်ဒယ်လ် ပိုမိုမြင့်မား လာလေလေဖြစ်သည်။

ထို့အတူ ကင်မရာနှင့် အလားသဏ္ဍာန်တူသည့် မိမိတို့၏ စိတ်မျက်စိ၊ စိတ်ဦးနှောက်တို့မှ အသိပညာဗဟုသုတ တို့ကို ပိုမိုရှုမြင် မှတ်သားလာနိုင်လေလေ. . . မိမိတို့၏ ဘဝမော်ဒယ်မြင့်မား လာလေ ဖြစ်သည်။ မြန်မာမှု နယ်ပယ်တွင် ရှင်မဟာရဋ္ဌသာရက "သုစိပုဘ" ဆုံးမစာလင်္ကာဖြင့် စိတ်မျက်စိ၊ စိတ်ဦးနှောက်မှ တဆင့်လေ့လာ သင်ကြားကာ ဘဝမော်ဒယ်လ်ကိုမြှင့်တင်နိုင်မည့် နည်းလမ်းရှစ်သွယ် ကိုလမ်း ညွှန်ခဲ့ပါသည်။

ယင်းလင်္ကာမှာ . . .

"သုစိပုဘာ၊ ဝိလိသိဓာ

အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို

သိကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့"

(ရှင်မဟာရဋ္ဌသာရ)

အဆိုပါအက္ခရာရှစ်လုံး၊ နည်းလမ်းရှစ်သွယ်မှာ

| | | | |
|---|---|---|---|
| ၁။ | သု - သုဏေယျ | = | နာကြားရာ၏။ |
| ၂။ | စိ - စိန္တေယျ | = | ကြံစည်ရာ၏။ |
| ၃။ | ပု - ပုစ္ဆေယျ | = | မေးမြန်းရာ၏။ |
| ၄။ | ဘာ - ဘာသေယျ | = | ရွတ်ဖတ်ရာ၏။ |
| ၅။ | ဝိ - ဝိစာရေယျ | = | စိစစ်ရာ၏။ |
| ၆။ | လိ - လိခေယျ | = | ရေးသားရာ၏။ |
| ၇။ | သိ - သိက္ခေယျ | = | သင်ကြားရာ၏။ |
| ၈။ | ဓာ - ဓာရေယျ | = | ဆောင်ရာ၏။ |

ဟူ၍ဖြစ်သည်။

ဤနည်းလမ်းရှစ်သွယ်မှာ မိမိတို့၏ ဘဝအောင်မြင်တိုးတက်ရေးနှင့် ဘဝမော်ဒယ်လ်မြှင့်တင်ရေးအတွက် လွန်စွာအသုံးဝင်လှသည်။

၁။ သု - သုဏေယျ - နာကြားရာ၏။

မိမိတို့လုပ်ငန်းဆောင်တာနှင့်ပတ်သက်၍ တိုးတက်ရာ တိုးတက်ကြောင်း အောင်မြင်ရာအောင်မြင်ကြောင်း အကြံဉာဏ်များ၊ အထင်အမြင်များကို နေ့စဉ်မပြတ် နာကြားနေသင့်သည်။ ဘဝအတွေ့ အကြုံဆိုသည်မှာ အချိန်တစ်ရက်ကုန်ဆုံးသွားတိုင်းအလိုအလျောက် ရရှိလာသည် မဟုတ်ပဲ နေ့စဉ်ဖြစ်ပျက်ကြားနာရသည့် ကိစ္စများအပေါ် တွင် သင်ယူနိုင်ပါမှ အတွေ့အကြုံဟူ၍ ရရှိလာခြင်းဖြစ်သည်။ မသင်ယူ မနာကြားပဲနေ့ရက်များကို ဖြတ်သန်းပါက အတွေ့အကြုံဟု မခေါ်ဆို နိုင်ပဲဖြစ်ရပ်များကို ဖြတ်သန်းနေခြင်းမျှသာ ဖြစ်သည်။

၂။ စိ - စိန္တေယျ - ကြံစည်ရာ၏။

ကြံစည်တွေးတောစဉ်းစားခြင်းကသာ အောင်မြင်ခြင်းကို ဖြစ်စေနိုင်သည်။ အလုပ်ကို ကြိုးစားအားထုတ်လုပ်ကိုင်ရုံမျှဖြင့် ဘဝတွင် အောင်မြင်နိုင်မည်မဟုတ်၊ ကြိုးစားအားထုတ် စဉ်းစားကြံစည်ဖို့လည်း လိုသေးသည်။ ကြိုးစား ကြံစည် စဉ်းစားမှု မှန်ကန်ပါက အချိန်တို အတွင်းတွင် မြန်မြန်ဆန်ဆန် အောင်မြင်နိုင်သည်။

၃။ ပု - ပုစ္ဆေယျ - မေးမြန်းရာ၏။

မိမိသိရှိလိုသည်များကိုမေးမြန်းနိုင်လေလေ. . . သိလာ လေလေ. . အောင်မြင်လာလေလေဖြစ်သည်။

**၄။ ဘာ - ဘာသေယျ - ရွတ်ဖတ်ရာ၏။**

အကြောင်းအရာတိုင်းကို ရွတ်ဖတ်နေဖို့မလိုအပ်သော်လည်း မိမိ အတွက် အရေးကြီးသည့်ကိစ္စရပ်များကို အသံထွက်ရွတ်ဖတ်ခြင်း အားဖြင့် ပိုမိုစွဲမြဲမှတ်သားနိုင်သလို. . . မိမိကိုယ်ကို လှုံ့ဆော်ရာလဲ ရောက်သည်။

**၅။ ဝိ - ဝိစာရေယျ - စိစစ်ရာ၏။**

ယနေ့ခေတ်ကားသတင်းအချက်အလက် (Information) များ ပေါက်ကွဲပြန့်ကျဲနေသည့် ခေတ်ဖြစ်သည်။ များပြားလှစွာသောသတင်း အချက်အလက်များထဲမှ မှန်ကန်သည့်သတင်းအချက်အလက်၊ မိမိနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ကို စိစစ်ရွေးချယ်သုံးစွဲနိုင်မှုက ဘဝအောင်မြင်မှုအတွက် အခရာကျလာသည်။

**၆။ လိ - လိက္ခေယျ - ရေးသားရာ၏။**

မိမိတို့၏ လုပ်ငန်းလိုအပ်ချက်အရ အချို့သောအကြောင်း အရာအချက်အလက်များကိုရေးသားမှတ်သားထားနိုင်ဖို့လိုသည်။

၇။ သိ - သိကျွေယျ - သင်ကြားရာ၏။

ယနေ့ခေတ်ကား သင်ယူမှုခေတ်ကြီးဖြစ်သည်။ သင်ယူမှုကို တန့်နေ၍ မရစဉ်ဆက်မပြတ် သင်ယူနေမှ တော်ကာကျမည်။ သင်ယူနိုင်လေလေ. . . အောင်မြင်လေလေဖြစ်သည်။

၈။ ဓာ - ဓာရေယျ - ဆောင်ရာ၏။

အသိဉာဏ်၏ အဆင့်အမြင့်ဆုံးအဆင့်ကား မိမိကိုယ်တိုင် လုပ်ဆောင်နိုင်မှုဖြစ်သည်။

| နာသိ | စာသိ | ငါသိ |
|---|---|---|

ဖော်ပြပါ ပုံအတိုင်း ကြားနာခြင်းမှရရှိသည့် နာသိမှတဆင့် . . . စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိသည့် စာသိ . . ကိုယ်တိုင် လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ရရှိသည့် ငါသိ. . . စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲနိုင်မှသာ ဘဝအောင်မြင်မှုများကို ရရှိနိုင်ကြမည် ဖြစ်သည်။



“စီးပွားရေး စီမံခန့်ခွဲမှုသဘောတရားအရ အပလူများကို အလျဉ်းသင့်သလို အကျိုးရှိစွာအသုံးချနိုင်ဖို့လိုသလို၊ မိမိ၏ ဝန်ထမ်းများကလည်း အခြားအဖွဲ့အစည်း၏ အပလူများဖြစ်မသွားအောင် ထိန်းသိမ်းကာကွယ်ဖို့လိုအပ်သည်။”

# ရာမဇာတ်တော်မှရသော စီမံခန့်ခွဲမှုဆိုင်ရာ အသိသုတများ

မြန်မာတိုင်း ရာမဇာတ်တော်ကို ရင်းနှီးကြလိမ့်မည်။ အမှန်စင်စစ် ရာမယဏ ဇာတ်တော်ကြီးသည် မူရင်းသက္ကတဘာသာ မဟာကဗျာကြီးဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့လာကာ မြန်မာရာမ ယဏ၊ ထိုင်းရာမယဏ (Ramakien)၊ ကမ္ဘောဒီးယားရာမယဏ (Remker)၊ လာအိုရာမယဏ (Phra Lak Phra Lam)၊ မလေးရှားရာမယဏ (Hikyut Sri Rama)၊ အင်ဒိုနီးရှားရာမယဏ (Ramayana Kakawia) စသည်ဖြင့် မူကွဲအမျိုးမျိုးကွဲပြားပေါ်ပေါက်လာခြင်းဖြစ်သည်။

ရာမ၊ သီတာ၊ လက္ခဏာ၊ ဟနုမန်၊ သုကြိတ်၊ ဘာလီ၊ ဒသဂီရိ စသည့်ဇာတ်ကောင်များဖြင့်ရသမျိုးစုံ ကြွယ်လှသည့် ရာမဇာတ်တော်၏ အဓိက အနှစ်သာရမှာ ဓမ္မနှင့် အဓမ္မအားပြိုင်ယှဉ်ပြိုင်ကြရာတွင် ဓမ္မ၏ အောင်ပွဲကို ဖော်ကျူးထားခြင်းဖြစ်၍ ဘဝအောင်မြင်ရေးအတွက်လည်း အားမာန်တက်ကြွဖွယ် ဇာတ်တော်ကြီး တစ်ခုဖြစ်သည်။

ယင်းရာမ ဇာတ်တော်ကြီးတွင် ဇာတ်ကွက်အမျိုးမျိုးပါရှိရာ ယခုအကြောင်းအရာနှင့်ဆက်စပ်ပတ်သက်သည့် ဇာတ်ကွက် တစ်ခုကိုသာထုတ်နုတ်ဖော်ပြလိုပါသည်။

ရာမမင်းသည် သီတာ မိဖုရားကြောင့် သီဟိုဠ်ကျွန်းကိုရံ၍ နေသောအခါ ဒသဂီရိဘီလူးမင်း၏ညီ ဗိဘီဇနသည် စစ်ထိုး၍ မသင့်ကြောင်း၊ သီတာမိဖုရားကို ရာမမင်းအား ပေးရမည့်အကြောင်းကို အသင့်အတင့်လျှောက်သည်ကို နောင်တော် ဒသဂီရိဘီလူးသည် နင်ရာမမင်းက သာပင်ဆိုသည်ဟူ၍ ပရိသတ် အလယ်တွင် ဗိဘီဇနပါးကို ခြေနင်းနှင့် ရိုက်လေ၏။ ဗိဘီဇနလည်း ဝမ်းနည်းသောကြောင့် ရာမမင်းသို့ဝင်လေ၏။ ရာမမင်းလည်း သဘောဟုတ်တန် မဟုတ်တန်သည်ကို သုကြိတ် မျောက်နှင့် တိုင်ပင်သော် အရှင်မင်းကြီး. . . သည်လူသည် သူကောင်းလက္ခဏာပင်မှန်သည် ဟူ၍ လျှောက်မှ အဝင်ခံ၍ အတွင်းသွင်းလေ၏။ ဒသဂီရိ ဘီလူးလည်း နန်းတွင်းမှာ ယစ်ပူဇော်မည်ဟူ၍ စီရင်၏။ ထိုအကြောင်းကို ဗိဘီဇနသိ၍ အရှင်

မင်းကြီး အကျွန်ုပ်အစ်ကို ဒသဂီရိသည် ယစ်ပူဇော်မည်ဟူ၍ စီရင်သည်။ ခုနှစ်ရက်လည်အောင် ယစ်ပူဇော်ရသော် သီဟိုဠ်ကျွန်းကို မင်းအပေါင်းပင်စစ်ပြု၍ မနိုင်ဟုဆိုချေသည်။ ထို့ကြောင့် ရက်မလည် ခင်သွား၍ ယဇ်ပူဇော်သော အစီအရင်ကို ဖျက်စေမှ သင့်မည်ဟူ၍ လျှောက်သောကြောင့် ဟန်နုမာန်မျောက်ကိုစေတော် မူ၍ ဟန်နုမာန် မျောက်သည် ကျင်ကြီးကျင်ငယ်ဖြင့် မီးကိုသတ်၍ သတ္တဝါအပေါင်းကို လွှတ်လေ၏။ ဒသဂီရိ၏သား ဣန္ဒြဇိတသည် ကောင်းကင်၌ တိမ်ယာဉ်စီး၍ တိုက်သောအခါလည်း မိန်းမမျက်နှာကို တစ်ဆယ့်နှစ် နှစ်ပတ်လုံးမကြည့်ဖူးသော သူသာလျှင် ဣန္ဒြဇိတကို မြင်မည်ဟူ၍ လျှောက်သောကြောင့် ညီတော် လက္ခဏာကကြည့်ရာတွင်မှ ဣန္ဒြဇိတ ကို မြင်သဖြင့်ညွှန်ပြ၍ ရာမမင်းလေးနှင့်ပစ်လျှင် ဣန္ဒြဇိတ သေလေသည်။ ဤအရာ၌ ဗိဘီဇနသည် အပလူဖြစ်လျက် ရာမမင်းအကျိုးကို ဆောင်ဖူးလေသည်။

ဤသည်ကို တောင်တွင်းမင်း ကျောင်းဆရာတော်က "ကန်တော်မင်းကျောင်း မေတ္တာစာ" အဖြေတွင် အပကလူပင်ဖြစ်သော်လည်း လူ၏ လက္ခဏာကို ထောက်ရှု၍ အတွင်းသွင်းသဖြင့် အောင်မြင်ပြီးစီးသည့် အရာလည်းရှိသည် ဟူ၍ ကိုးကားဖော်ပြရေးသား ခဲ့ပါသည်။

ယနေ့ခေတ် စီမံခန့်ခွဲမှု အောင်မြင်ရေးတွင် ယင်း"အပလူ" ကိစ္စမှာ အလွန်အရေးကြီးသည်။ နိုင်ငံ၏ စီပွားရေးအခွင့်အလမ်းများ ပွင့်လင်းလာသည့် အလျောက်နိုင်ငံတကာမှ နိုင်ငံစုံကုမ္ပဏီများက ပြည်တွင်းဈေးကွက်သို့အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံဝင်ရောက်လာလျက် ရှိရာ. . . ပြည်တွင်းကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အရည်အချင်းမြင့် ဝန်ထမ်းများကို နိုင်ငံစုံ ကုမ္ပဏီကြီးများထံ ပါမသွားအောင် ထိန်းသိမ်း ထားရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ စီးပွားရေးစီမံခန့်ခွဲမှု သဘောတရားအရ အပလူများကို အလျဉ်းသင့်သလို အကျိုးရှိစွာ အသုံးချ နိုင်ဖို့ လိုသလို၊ မိမိ၏ ဝန်ထမ်းများကလည်း အခြားအဖွဲ့ အစည်း၏ အပလူများ ဖြစ်မသွား အောင်ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်ပါသည်။

ယေဘုယျအားဖြင့် အရည်အချင်း စွမ်းဆောင်ရည် မြင့်မား သည့် ဝန်ထမ်းများမှာ ထိန်းသိမ်းစီမံခန့်ခွဲရန် ခက်ခဲသဖြင့် စီမံ ခန့်ခွဲသူ တော်တော်များများက ကြည့်မရပဲ . . . အလုပ်မှ ထွက်ခွာ သွားကြသည် က များသည်။ ယင်းအရည်အချင်းမြင့်ဝန်ထမ်းများက မိမိ၏ ပြိုင်ဖက် အဖွဲ့အစည်းများသို့ အပလူများအဖြစ် ရောက်ရှိသွားကြပြီး ဗိဘီဇနလို မိမိတို့ ကို ဒုက္ခပြန်ပေးလျှင်တော့ စီမံခန့်ခွဲသူများအနေဖြင့် ရှက်ဖွယ် ကောင်းလှသည်။ သို့ဖြစ်၍ မိမိက ကြည့်ရရ မရရ စီမံခန့်ခွဲမှုတွင်

ခံစားမှုကို ဦးစားမပေးပဲ အဆိုပါ စွမ်းဆောင်ရည်မြင့်ဝန်ထမ်းများကို မိမိတို့၏ အဖွဲ့အစည်း တွင်ဆက်လက်ရှိ နေစေရန် ထိန်းသိမ်းထားဖို့ လိုသည်။ စီးပွားရေးစီမံခန့်ခွဲမှုဟူသည် အားပြိုင်မှုသဘောတရား ဖြစ် သဖြင့် အနည်းဆုံးတော့ ပြိုင်ဖက်က မိမိကိုမြှားဖြင့် ပစ်လာသည့်အခါ ၎င်းတို့က ခုခံပေးလိမ့်မည်ဖြစ်သည်။ စွမ်းဆောင်ရည်မြင့်ဝန်ထမ်းများကို အဖွဲ့အစည်းတွင် ဆက်လက်တည်ရှိနေစေရန် အသုံးပြုနိုင်သည့် နည်းလမ်း သုံးခု (ဝါ) ကြိုးသုံးကြိုးရှိသည်။ယင်းကြိုးသုံးကြိုးမှာ

(၁) လစာတိုးပေးခြင်း

(၂) ရာထူးတိုးပေးခြင်း

(၃) လုပ်ပိုင်ခွင့်တိုးပေးခြင်းတို့ဖြစ်သည်။

တစ်ဖန် ရာမမင်းအား ဗိဘီဇနက အကြံပေးသည့်အခါ. . ရာမမင်းပြုမူသလို မိမိတို့၏ ဝန်ထမ်းများက မိမိတို့ကို တစ်စုံတစ်ရာ အကြံပေးလာသည့်အခါ မပြုမူမိဖို့လိုသည်။ မိမိတို့၏ အဖွဲ့ဝင် ဝန်ထမ်း များထဲတွင် မိမိတစ်စုံတစ်ရာ မှားယွင်းပြုမူဆောင်ရွက်မိသည့်အခါ ထောက်ပြအကြံပြုရဲသည့်သူများရှိနေသင့်သည်။

ရှေးမြန်မာမင်းများသည် အရည်အချင်းအသိသုတနှင့် ပြည့်စုံ သောသက်တော်ရှည်အမတ်ကြီးများကို မင်းသုံးလေးဆက်တိုင် အမှု တော်ထမ်းရွက်ခန့်အပ်ခဲ့ကြခြင်းမှာ ဤရည်ရွယ်ချက်ကြောင့် ဖြစ်သည်။

သက်တော်ရှည် အမတ်ကြီးများသည် ဘုရင်မင်းမြတ်ကို လွတ်လပ်စွာ အကြံပေးလျှောက်တင်နိုင်သည့် သဘောဖြစ်သည်။ ရာမဇာတ်တော်လာသင်ခန်းစာအတိုင်း စီမံခန့်ခွဲဆောင်ရွက်ကြရာတွင် အပလူကို ဂရုပြုစီမံဆောင်ရွက်နိုင်ပါက . . . မြန်မာ့နည်းမြန်မာဟန်ဖြင့် အောင်မြင်လာနိုင်ကြမည်ဖြစ်သည်။ ။



"ဒေါသကို အလုံးအရင်းဖြင့်ထွက်စေကာ မိမိ၏အပြု အမူအပြောအဆိုများကို ပရမ်းပတာဖြစ်စေခြင်းနှင့် ဒေါသကို စဉ်းစားချင့်ချိန်ထိန်းချုပ်ဖြစ်ပေါ်စေခြင်း တို့၏ရလဒ်ကားများစွာ ကွာခြားပါသည်။"

# အလျှင်လိုသင့်၊ မလိုသင့်

ယနေ့ခေတ်သည် ယှဉ်ပြိုင်မှု ပြင်းထန်လှသည့်ခေတ်ဖြစ်သည့် အလျောက် စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှု ဆိုင်ရာလုပ်ငန်းများဆောင်ရွက် ရာတွင် ဘက်ပေါင်းစုံပြီးပြည့်စုံအောင် စီမံကိန်း ဆွဲနေ၍ မရတော့ ပဲ. . . လတ်ဆတ်ဆန်းသစ်သည့် အတွေးအခေါ်များကို သူ့ထက်ငါ လက်ဦးမှုရအောင်. . . ဆောင်ရွက်ကြရသည့် အခါသမယဖြစ်သည်။ အရွယ်အစားထက် လျင်မြန်သွက်လက် မှုက ပြိုင်ဆိုင်မှု အသီးသီးတွင် အခရာကျ အရေးပါလှသည့်သဘောဖြစ်သည်။

သို့သော်. . . လောကနီတိ သုဇန ကဏ္ဍ (သူတော်ကောင်းနှင့် ဆိုင်သောအခန်း) ၌အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ ရပြန်သည်။

"မာစ ဝေဂေန ကိစ္စာနိ၊
ကရောသိ ကာရာပေသိဝါ၊
သဟသာ ကာရိတံ ကမ္မံ၊
မန္ဒော ပစ္ဆာ နုတပ္ပတိ။"

"ဝေဂေန = လျင်စွာ၊ ကိစ္စာနိ = အမှုကိစ္စဟူသမျှတို့ကို မာစကရောသိ = မိမိလည်းမပြုသင့်၊ မာစကာရောပေသိဝါ = သူတစ်ပါးကိုလည်း မပြုစေလင့်၊ ကမ္မံ = အမှုကို၊ သဟသာ = အဆောတလျင်၊ ကာရိတံ = ပြုမူကား၊ မန္ဒော = ပညာနည်း သောသူသည်၊ ပစ္ဆာ = နောက်မှ၊ အနုတပ္ပတိ = ပူပန်ရတတ်၏"

ဆိုလိုသည်မှာ အမှုကိစ္စတို့ကို ပျာယီးပျာယာ အဆောတလင်မလုပ်သင့်ကြောင်း အသိပေးထားခြင်းဖြစ်သည်။ ဤနေရာတွင် "ဝေဂေန = အဆောတလျင်" ဟူသည့် စကားကို ထောက်၍ စနစ်တကျ စေ့စပ်သေချာစွာ ပြင်ဆင်ပြီး လျင်မြန်စွာဆောင်ရွက်ခြင်းမျိုးကို ဆိုလိုခြင်းမဟုတ်ပဲ အလောသုံးဆယ် ပျာယီးပျာယာ မလုပ်ဆောင်ရန် အသိပေးထားခြင်းသာဖြစ်သည်။

ထို့အပြင် ကောင်းသောအမှုကိစ္စများကို အချိန်မဆိုင်းပဲ လုံ့လပြုကာ ချက်ချင်းဆောင်ရွက်သင့်ပြီး၊ မကောင်းသောအမှုကိစ္စများကို စနစ်တကျ သုံးသပ်စဉ်းစား ချင့်ချိန်ပြီးမှ ဆောင်ရွက်သင့်သည်ဟုလည်း

မှတ်ယူနိုင်သည်။ စာရေးသူတို့ တော်တော်များများသည် ကောင်းမွန်သော ဆုံးဖြတ်ချက်များကို လျင်မြန်စွာချမှတ်နိုင်ကြသော်လည်း ယင်းဆုံးဖြတ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင်နှေးရွှေ့ဆိုင်းနေတတ်ကြသည်။ ကောင်းမွန်သောအမှုကိစ္စများကို စိတ်ကူးမှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နှောင့်နှေးရွှေ့ဆိုင်းနေခြင်းသည် အောင်မြင်မှုအတွက် အမိက အတားအဆီးကြီးတစ်ခုဖြစ်သည်။ ဥပမာ - မိမိ၏ ကျန်းမာရေးအတွက် အားကစား ခန်းမသို့ သွားရောက်လေ့ကျင့်ရန် ဆုံးဖြတ်ထားပါက အချိန်မဆိုင်းပဲလက်တွေ့အကောင်အထည်ဖေါ်ဆောင်ရွက်သင့်သည်။

တချို့သောကိစ္စရပ်များတွင် မိမိကစောလျင်စွာ မှားယွင်းပြုမူဆောင်ရွက်မိသည်ကို အကြီးအကဲဆရာသမားများ၊ လက်အောက်ဝန်ထမ်းများက အသိပေးအကြံပြုလာပါက အချိန်မဆိုင်းပဲ ပြုပြင်ဆောင်ရွက်သင့်သည်။ ဤကဲ့သို့သော အရည်အချင်းမျိုးကို ပုဂံခေတ်ကျန်စစ်သားမင်းကြီးတွင် ထင်ရှားစွာ တွေ့မြင်ရသည်။

ကျန်စစ်သားမင်းကြီး (၁၀၈၄-၁၁၁၂) သည် ရှင်အရဟံကို မပြတ်ဆည်းကပ်သောမင်းဖြစ်လေသည်။ အဆွေခင်ပွန်းဖြစ်ခဲ့သော သက်လူမျိုးတို့၏ အကြီးအကဲ ကတုံကို ဖမ်းစေဟု အမိန့်ရှိလေသည်။ ယင်းမိန့်ကို ရှင်အရဟံကြားသောအခါ နန်းတော်သို့ သွား၍ မင်းကြီးအား အလျင်စလို မပြုကောင်းဟု ဆုံးမလေသည်။ ထို့နောက် ရှင်

အရဟ်သည် သက်မင်းကတုံကို ဆုံးမပြန်လေသည်။ ဤသို့ဖြင့် ရန်စစ်မကြီးခင်ရန် စစ်ငြိမ်းလေသည်။

ကျန်စစ်သားမင်းကြီးသည် ဖော်ပြပါအတိုင်းစေ့စပ်သေချာလျင်မြန်စွာဆောင်ရွက်သင့်သည်ကိုဆောင်ရွက်သလို၊ အဆောတလျင်မပြုမူသင့်သည့် ကိစ္စရပ်များကိုလည်း အဆောတလျင် မပြုမူခဲ့သဖြင့် ကျန်စစ်သားမင်းကြီးလက်ထံတွင် ပုဂံပြည်သည်သာယာစည်ပင်ဝပြောအောင် မြင်ခဲ့ခြင်းဖြစ်သည်။

စာရေးသူတို့၏ နေ့စဉ် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကျန်စစ်သားမင်းကြီးထံမှဤ စီမံခန့်ခွဲမှုသင်ခန်းစာကို ရယူအသုံးချသင့်သည်။ အထူးသဖြင့် မိမိဒေါသအမျက်ထွက်နေသည့်အခါ အမှုကိစ္စများကို အဆောတလျင်မဆောင်ရွက်သင့်ပဲ အချိန်ယူ သုံးသပ်ဆင်ချင်ဆောင်ရွက်သင့်သည်။ ဥပမာ - မိမိဒေါသထွက်နေစဉ်၌ မိမိဒေါသထွက်နေသည့်သူနှင့် ချက်ချင်းတွေ့ဆုံစကားပြောခြင်းမျိုး၊ တယ်လီဖုန်းဆက်သွယ်ပြောဆိုခြင်းမျိုးကိုရှောင်ရှားကာ အချိန်ကာလတစ်ခုကြာ စနစ်တကျ သုံးသပ်ဆင်ချင်ပြီးမှ ဆက်သွယ်ဆောင်ရွက်သင့်သည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်အသီးသီးတွင် စီမံခန့်ခွဲသူများအနေဖြင့် ၎င်းတို့၏ အမှားတော်တော်များများကို အမျက်ဒေါသထွက် နေစဉ်အတွင်းပြုမူဆောင်ရွက်မိခဲ့ကြခြင်း ဖြစ်သည်။

စာရေးသူတို့သည် ပုထုဇဉ်လူသားများဖြစ်၍ ဒေါသနှင့် မကင်းပါ။ သို့သော် ဒေါသကို အလုံးအရင်းဖြင့်ထွက်စေကာ မိမိ၏ အပြုအမူအပြောအဆိုများကို ပရမ်းပတာ ဖြစ်စေခြင်းနှင့် ဒေါသကို စဉ်စားချင့်ချိန် ထိန်းချုပ်ဖြစ်ပေါ်စေခြင်းတို့၏ ရလဒ်ကားများစွာ ကွာခြားပါသည်။

ဖြစ်နိုင်လျှင် မိမိဒေါသထွက် နေစဉ်နာရီဝက်အတွင်း ယင်း ဒေါသထွက်သည့် ဖြစ်စဉ်ကိစ္စရပ်နှင့်ပတ်သက်၍ မည်သည့်အပြော အဆို၊ အမူကိစ္စကိုမှ အဆောတလျင် မဆောင်ရွက်မပြောဆိုသင့်ပါ။ နာရီဝက်ခန့် မိမိဒေါသထွက်သည့်ဖြစ်စဉ်အပေါ် စနစ်တကျ သုံးသပ် စဉ်းစား ချင့်ချိန် လိုက်သည့်အခါ နဂိုမူလက လောက်အမျက်ဒေါသ မကြီးမားတော့သည်ကို အံ့ဩဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။ မိမိတို့၏ အမျက်ဒေါသကို အဆောတလျင်မထွက်ပဲ ထိန်းချုပ်ဆင်ခြင် လာနိုင်သည်နှင့်အမျှ အမျက်ဒေါသကြောင့် မိတ်ပျက်ခြင်း၊ လုပ်ငန်း ဆောင်တာများထိခိုက်ခြင်းတို့ တစတစလျော့နည်းလာကာ မြန်မာ့ နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်လာနိုင်ကြမည်ဖြစ်ပါသည်။



"မိမိရှေ့မှလူကို သာလွန်၊ ကျော်လွန်ရန်မှာ သူလဲကျ ပြုတ်ကျမှ သူ့ကိုဆွဲချမှသာလွန် ကျော်လွန်နိုင် မည်မဟုတ်ပဲ သူ့ထက်ပိုမိုပြေးနိုင်ပါကလဲ သာလွန်၊ ကျော်လွန်နိုင်ပါသည်။ ထိပ်ဆုံးသို့ရောက်ရန်မှာ ထိပ်ဆုံးက လူကိုဆွဲချမှ မဟုတ်ပဲ ထိပ်ဆုံးတွင် မိမိ၏ သီးသန့်နေရာဖန်တီး၍လည်းရပ်တည်နိုင်ပါသည်။"

# လုံ့လဖြင့်ယှဉ်ပြိုင်၍...ဘဝကိုမြှင့်တင်ခြင်း

ဘဝတွင် အောင်မြင်မှုရရှိအောင် ကြိုးစားအားထုတ်ကြရာ၌ ယှဉ်ပြိုင်မှု သဘောကို မလွဲမသွေ တွေ့ကြုံကြရမည်ဖြစ်သည်။ အောင်မြင်မှုဆိုသည်ကိုက ပတ်ဝန်းကျင်လောကနှင့် အများနှင့် ယှဉ်၍ သတ်မှတ်ထားခြင်းဖြစ်၍ ... စာရေးသူတို့အနေဖြင့် ဘဝလမ်းကြောင်းတွင် ယှဉ်ပြိုင်မှု သဘောကို မကြာခဏ ကြုံတွေ့ကြရမည် ဖြစ်သည်။

မှန်ပါသည်။ ယှဉ်ပြိုင်မှုရှိမှ တိုးတက်အောင် မြင်နိုင်ပါမည်။ အောင်မြင်လိုသူသည် မယှဉ်ပြိုင်ချင်၍မရပါ။ တချို့က ၎င်းတို့၏ လုပ်ငန်းနယ်ပယ်တွင် လောဘတကြီးမယှဉ်ပြိုင်လိုဟု ပြောကြပါသည်။ ဤနေရာတွင် လောဘနှင့် ပျင်းရိခြင်းကို ကွဲပြားခြားနားစွာ နားလည်

သဘောပေါက်ဖို့ လိုပါသည်။ လောဘကိုပယ်သတ်ခြင်းဟူသည် အလုပ်ကို ကြိုးစားအားထုတ်မှုမရှိ ပျင်းရိခြင်းကို ဆိုလိုခြင်း မဟုတ်ပဲ မှန်ကန်စွာ ကြိုးစားအားထုတ် အလုပ်လုပ် ပြီး ရရှိလာသည့် အကျိုးအမြတ်များကို မိမိ၏ တစ်ကိုယ်တည်း ကောင်းကျိုးအတွက် လောဘဖြင့်အသုံးမပြုပဲ အများကောင်းကျိုး၊ လောကကောင်းကျိုး အတွက် အသုံး ပြုခြင်း၊ ရက်ရောစွာ စွန့်လွှတ်လှူဒါန်းခြင်းကို ဆိုလိုခြင်း ဖြစ်သည်ကို သတိချပ်သင့်ပါသည်။

သို့သော် . . . စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ယှဉ်ပြိုင်ကြိုးစားဆောင်ရွက်ကြရာ၌ တရားမျှတစွာ ယှဉ်ပြိုင်ကြိုးစားကြဖို့လိုသည်။ မိမိရှေ့မှ လူကို သာလွန်၊ ကျော်လွန်ရန်မှာ သူလဲကျပြုတ်ကျမှ သူ့ကို ဆွဲချမှသာ လွန်ကျော်လွန်နိုင်မည်ဟုတ်ပဲ သူ့ထက်ပိုမိုပြေးနိုင်ပါကလဲ သာလွန်၊ ကျော်လွန်နိုင်ပါသည်။ ထိပ်ဆုံးသို့ရောက်ရန်မှာ ထိပ်ဆုံးက လူကိုဆွဲချမှ မဟုတ်ပဲ ထိပ်ဆုံးတွင် မိမိ၏ သီးသန့်နေရာဖန်တီး၍လည်း ရပ်တည်နိုင်ပါသည်။

လောက၌ အောင်မြင်အောင် ယှဉ်ပြိုင်အား ထုတ်ကြိုးစားကြရာတွင် အခြေအနေ အမျိုးမျိုး၊ အသက်အရွယ်အမျိုးမျိုးရှိသည် ဖြစ်၍ ကောင်းမွန်ထိရောက်မှန်ကန်စွာ ယှဉ်ပြိုင်နိုင်ရန်အတွက် လောကနီတိ၊ သုဇနကဏ္ဍ၊ သူတော်ကောင်းနှင့် ဆိုင်ရာအခန်း၌ ယခုကဲ့သို့ အကြံပြုထားပါသည်။

"ဥတ္တမတ္တ နိဝါတေန၊
သူရံ ဘေဒေန နိဇ္ဇယေ။
နိစံ အပ္ပက ဒါနေန၊
ဝါယာမေန သမံ ဇယေ။"

ဥတ္တမံ = ကိုယ့်ထက်မြတ်သူကို၊ အတ္တ နိဝါတေန = ကိုယ့်ကို နှိမ့်ချသဖြင့်၊ နိဇ္ဇယေ = အောင်ရာ၏၊ သူရံ = ရဲရင့်သူကို၊ ဘေဒေန = သင်းခွဲသဖြင့်၊ နိဇ္ဇယေ = အောင်ရာ၏ ၊ နိစံ = ကိုယ့်အောက် နိမ့်သူကို အပ္ပကဒါနေန = တစိုးတစိပေးကမ်းခြင်းဖြင့်၊ နိဇ္ဇယေ = အောင်ရာ၏၊ သမံ = ကိုယ်နှင့်တူသောသူကို၊ ဝါယာမေန = လုံ့လပြုသဖြင့်၊ နိဇ္ဇယေ = အောင်ရာ၏။

လောကနီတိက မိမိ၏အဆင့်အလိုက် ယှဉ်ပြိုင်နိုင်မည့် နည်းဗျူဟာကောင်းများကို ညွှန်ပြထားပါသည်။ ကိုယ်နှင့် တန်းတူသောသူကို လုံ့လပြုသဖြင့် အောင်နိုင်ရာ၏ ဆိုသည့်စကားမှာ အလွန်မှန်ကန်ပါသည်။ ယှဉ်ပြိုင်မှုပြင်းထန်လှသည့် ယနေ့ခေတ် ကမ္ဘာကြီးတွင် လုံ့လက ပြိုင်ပွဲ၏ အနိုင်အရှုံးကို တော်တော်များများ အဆုံးအဖြတ်ပေးလာနိုင်သည်။ လူတစ်ယောက်အနေဖြင့် မိမိကိုယ်ကို မိမိနှင့်တန်းတူသူများနှင့် နှိုင်းယှဉ်ကာ မိမိလိုအပ်သည့် အရည်အသွေး အရည်အချင်းများကို အထူးလုံ့လပြုကာ ကြိုးစား လေ့ကျင့် အားထုတ်

ဆောင်ရွက်ခြင်းအား ဖြင့်တစတစအောင်မြင်မှုများကို ရရှိ လာနိုင်မည် ဖြစ်ပါသည်။

မိမိအနေဖြင့် အတိတ်ကံ၊ ရှေးကုသိုလ်ကံအားနည်းသော်လည်း လုံ့လကြီးမားစွာ အားထုတ်ဆောင်ရွက်ပါက. . . အတိတ်ကံ၊ ရှေးကုသိုလ်ကံ ကောင်းသော်လည်း လုံ့လဖြင့် အားထုတ်ဆောင်ရွက်ခြင်းမပြုသူများထက်ပင် သာလွန်အောင်မြင်နိုင်ပါသည်။ ဤသည်ကို စွယ်စုံကျော်ထင်ကျမ်း၌ ကံအကျိုးပေးအားထုတ်မှုနှင့်ပတ်သက်၍ ပုဂ္ဂိုလ် လေးမျိုးခွဲခြားပြထားသည်ကို ယခုကဲ့သို့ လေ့လာ မှတ်သား နိုင်ပါသည်။

၁။ ကံကိုသာ မှီ၍ အသက်မွေးရသော ကမ္မူပဇီဝီ ပုဂ္ဂိုလ် (နတ်ပြည်ခြောက်ထပ်၌နေသော နတ်တို့သည် ရှေးကောင်းမှုကံကိုသာမှီရသောကြောင့် ကမ္မူပဇီဝီ ပုဂ္ဂိုလ်မည်ကုန်သည်)

၂။ ဝီရိယကိုသာ မှီ၍ အသက်မွေးရသော ဝီရိယူပဇီဝီပုဂ္ဂိုလ် (ဆင်းရဲသားတို့မှာ ရှာကြံလုပ်ကိုင်ခြင်း လုံ့လကို သာမှီရ သောကြောင့် ဝီရိယူပဇီဝီ ပုဂ္ဂိုလ်မည်သည်။)

၃။ ကံ၊ ဝီရိယ နှစ်ပါးစုံကို မှီ၍ အသက်မွေးရသော ဥဘယူပဇီဝီ ပုဂ္ဂိုလ်

(လူ့ပြည်၌ မင်း၊ အမတ်စသော သူတို့သည် ရှေးကောင်းမှုကံကြောင့် မင်း၊ အမတ်အဖြစ်ကိုရသော်လည်း လုံ့လမရှိလျှင် ထိုမင်း၊ အမတ်တို့သည် စည်းစိမ်ကို ရှည်မြင့်စွာမခံရရှာ။ လုံ့လရှိမှသာ ခံစားရသောကြောင့် ဥဘယပုဗ္ဗဇီဝီ ပုဂ္ဂိုလ်မည်ကုန်သည်။)

၄။ ကံ၊ ဝီရိယ နှစ်ပါးစုံကို မမှီမူ၍ အသက်မွေးရသော အနုဘယပုဗ္ဗဇီဝီ ပုဂ္ဂိုလ်

(အပါယ် ဘုံသားတို့မှာ ကံ၊ ဝီရိယ နှစ်ပါးစုံကို ပင်မမှီရသောကြောင့်အနုဘယပုဗ္ဗဇီဝီပုဂ္ဂိုလ်မည်ကုန်သည်။)

ဖော်ပြပါ ပုဂ္ဂိုလ် လေးမျိုးခွဲခြားမှုအရ ဝီရိယ ဟူသည် လူ့ဘုံလူသား (သူဆင်းရဲဖြစ်စေ၊ မင်းအမတ်ဖြစ်စေ) တို့နှင့်သာ သက်ဆိုင်ကြောင်းကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ နတ်ပြည်၌ လုံ့လပြုစရာမလိုသလို အပါယ်ဘုံ၌ လုံ့လပြုပါကအချည်းနှီးသာဖြစ်သည်။ ယင်းလုံ့လဝီရိယကပင် ကမ္ဘာဦး အစကတည်းက ယနေ့အထိ လူသားတို့၏ကြီးကျယ်မြင့်မြတ်မှုကိုဖြစ်ထွန်း ပေါ်ပေါက်စေခဲ့ခြင်းဖြစ်ပါသည်။

တချို့က လူသားစစ်စစ် ဖြစ်လျက်မိမိတို့ မွေးဖွားလာသည့်ကံကြမ္မာ ဆိုးရွားမှုကြောင့် လောကကို အပြစ်တင်ကြ၊ ညည်းတွားလေ့ရှိကြသည်။ အမှန်စင်စစ် သုံးဆယ့်တစ်ဘုံ၌ လူသား၏ စွမ်းအားသည် အတုမဲ့ဖြစ်သည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လူသား

စင်စစ်မိဘနှစ်ပါးမှ မွေးဖွားလာသည့် လူသား တစ်ယောက်ဖြစ်သော်လည်း ဗြဟ္မာလည်းတုရှ်မရ၊ နတ်လည်း တုရှ်မရ၊ အခြားမည်သည့်ပုဂ္ဂိုလ်မှ တုရှ်မရသော စွမ်းပကားကို ပိုင်ဆိုင်သူဖြစ်ပါသည်။ လူသားဟူသည် အနန္တစကြာဝဠာတွင် စွမ်းအားအရှိဆုံးသက်ရှိတစ်မျိုး ဖြစ်ပါသည်။

ယင်းကဲ့သို့ လူသား၏ စွမ်းအားကို မြှင့်တင်ပေးသည့် အရာမှာ လုံ့လမှ တစ်ပါးအခြား မရှိပါ။ လုံ့လပြုခြင်းဖြင့် ဆင်းရဲဒုက္ခမှ ချမ်းသာသုခကိုဖြစ်စေနိုင်ပါသည်။ လုံ့လပြုခြင်းဖြင့် ကံဆိုးခြင်းမှ ကံကောင်းခြင်းကို ဖြစ်စေနိုင်ပါသည်။ လုံ့လပြုခြင်းဖြင့် အမှောင်မှ အလင်းကိုဖြစ်စေနိုင်ပါသည်။ လုံ့လပြုခြင်းဖြင့် အနိမ့်မှ အမြင့်သို့ရောက်စေနိုင်ပါသည်။ အို. . . စာရှုသူမိတ်ဆွေ. . . ယခုပင် လုံ့လပြု၍ သင်၏ကြီးမြတ်လှသည့်စွမ်းပကားကို ကမ္ဘာလောကကို ပြသပါလော့. . .။ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်အောင် ကြိုးစားအားထုတ်ပါလော့. . . .။



"အနောက်တိုင်းနှင့် ကမ္ဘာ့စာပေ ဖတ်ရှုမှု ပုံစံမှာ 'အတ္တ' ကို အခြေခံ၍ မြန်မာ့စာပေဖတ်ရှုမှုပုံစံမှာ 'အနတ္တ' ကိုအခြေခံပါသည်။ တစ်နည်းအားဖြင့် အနောက်တိုင်းနှင့် ကမ္ဘာ့စာပေ ဖတ်ရှုမှုပုံစံမှာ 'အတ္တ' ကို အခြေခံ၍ လောက၏ သဘောကိုနားလည် အောင်ကြိုးစားခြင်းဖြစ်ပြီး မြန်မာ့စာပေဖတ်ရှုမှုပုံစံမှာ 'အနတ္တ'ကို အခြေခံ၍လောက၏ သဘောကို နား လည်အောင်ကြိုးစားအားထုတ်ခြင်းဖြစ်သည်။"

# မြန်မာ့နည်း မြန်မာ့ဟန် ဖြင့်စာပေ ဖတ်ရှုလေ့လာခြင်း(က)

ဤကမ္ဘာပေါ်တွင် သက်ရှိသတ္တဝါမျိုးစိတ်ပေါင်းများစွာရှိသည့် အနက် လူသားများကိုသာ "လူ"ဟုခေါ်ဆိုပြီး ကျန်ရှိသည့် သတ္တဝါ မျိုးစိတ်အားလုံးကို "တိရစ္ဆာန်" ဟုသာ ခြုံငုံခေါ်ဝေါ်ကြပါသည်။ ဤသည်မှာ အဘယ်ကြောင့်ပါနည်း။ လူနှင့် တိရစ္ဆာန်တို့သည် မည် သည့်အချက်များကွဲပြားခြားနားကြပါသနည်း။

အကယ်၍ စာရှုသူတို့က လူနှင့်တိရစ္ဆာန်တို့မှာ အသိဉာဏ် ကွဲပြား ခြားနားသောကြောင့်ဖြစ်ပါသည်ဟု ပြောကြားလာလျှင် အချို့ တိရစ္ဆာန်များမှာ လူကဲ့သို့ပင်၊ အချို့မှာ လူထက်ပင်ပိုမို အသိဉာဏ် ရှိပါသည်ဟု စာရေးသူမှ ပြန်လည်ပြောကြားရလိမ့်မည်။ ဤသည်ကို

မိမိကျေးဇူးရှင်အပေါ်ကျေးဇူးသစ္စာ စောင့်သိသော တိရစ္ဆာန်များ၊ လူသားများပင်ကြိုတင် မခန့်မှန်းမသိရှိနိုင်သည့် လျှော်ကဲ့သို့သော သဘာဝအဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းသိရှိနိုင်သည့် တိရစ္ဆာန်များကို ကြည့်၍ သိသာထင်ရှားနိုင်ပါသည်။

အချို့တိရစ္ဆာန်များထံမှ အရည်အသွေးများကိုပင် လူသားများအနေဖြင့် ပြန်လည်သင်ယူသင့်သည်ဟု ကျမ်းဂန်များက ဆိုပါသည်။ ဥပမာခွေးတို့၏ အရည်အသွေးခြောက်ရပ်ကို စွယ်စုံကျော်ထင်ကျမ်း၌ ယခုလိုပြဆိုထားပါသည်။

ခွေးတို့၏ အရည်အသွေးခြောက်ရပ်

၁။ အနလသံ (မပျင်းရိခြင်း)

၂။ အတိသန္တောသော (ကျွေးသမျှနှင့်တင်းတိမ်သောရောင့်ရဲခြင်း)

၃။ သုနိဒ္ဒါ (အိပ်ပျော်လွယ်ခြင်း)

၄။ သုပဗောနော (နိုးလွယ်ခြင်း)

၅။ ဒဠ္ဍဘတ္တိစ (အရှင်ထံ၌ မြဲမြံစွာ ခစားခြင်း)

၆။ သူရစ္စ (အရှင်စေရာ မတွန့်သာဘဲရဲရင့်ခြင်း)

အကယ်၍စာရှုသူတို့က လူတို့၌ပြောစရာစကား ရှိ၍ဟုပြောကြားလာလျှင် တိရစ္ဆာန်များတွင်လည်း သူတို့သဘာဝ နားလည်စရာ အချက်ပြမှုနှင့် ဘာသာစကားများရှိပါသည်ဟု စာရေးသူမှ ပြန်လည်ပြောကြားရလိမ့်မည်။ ဥပမာ စွယ်စုံကျော်ထင်ကျမ်း၌ မြွေမိဘတို့မှ

မွေးသားသမီးတို့အားဆုံးမလေ့ရှိသည့် ဩဝါဒသုံးမျိုးကို ယခုလို အထင်အရှားဖော်ပြထားပါသည်။

<u>မွေးမိဘတို့မှ မွေးသားသမီးတို့အား ဆုံးမလေ့ရှိသည့်ဩဝါဒသုံးမျိုး</u>

၁။ စားဖွယ်ကို ရငြားသော်လည်းဆောဆောလျင်လျင်မစားရာ။ ဆင်ခြင်တိုင်းထွာ၍ ဖြည်းဖြည်းသာစားရာ၏။

၂။ လုံခြုံသော နေရာ၌ အိပ်လိုငြားသော်လည်း ဆောဆာလျင်လျင်မအိပ်ရာ။ သူတစ်ပါးနောက်မှသာအိပ်ရာ၏။

၃။ အရပ်တစ်ပါးလည်လိုငြားသော်လည်း အမှတ်မဲ့မသွားတည့်ရာ။ ရန်သူကို ကြည့်ရှုဆင်ခြင်၍သွားရာ၏။

သို့ဆိုလျှင်. . . လူနှင့်တိရစ္ဆာန်တို့သည်မည်သည့်အရာများကွာခြားကြပါသနည်း။ လူနှင့်တိရစ္ဆာန်တို့သည် အဓိကအားဖြင့် အချက်နှစ်ချက်ကွာခြားကြပါသည်။ ယင်းအချက်နှစ်ချက်မှာ -

(၁) ယဉ်ကျေးမှု

(၂) စာပေ တို့ဖြစ်ပါသည်။

မှန်ပါသည်။ လူသားများ၌သာ လူ့ယဉ်ကျေးမှုဟူ၍ ရှိပါသည်။ တိရစ္ဆာန်များ၌ ခွေးယဉ်ကျေးမှု၊ မျောက်ယဉ်ကျေးမှု၊ ဝက်ယဉ်ကျေးမှုဟူ၍မရှိပါ။ လူသားများ၏ ခေတ်အဆက်ဆက် ယဉ်ကျေးမှုနှင့် ခေတ်အဆက်ဆက် အသိသုတ များကိုမျိုးဆက်အဆင့်ဆင့် လက်ဆင့်

ကမ်းသယ်ဆောင်ပေးလာသည့် အရာမှာ စာပေဖြစ်ပါသည်။ လူသား များ၌သာ စာပေရှိပြီး တိရစ္ဆာန်များ၌ စာပေဟူ၍ မရှိပါ။ ယဉ်းယဉ် ကျေးမှုနှင့် စာပေဟူသည့် အချက်နှစ်ချက်မှာ လူနှင့်တိရစ္ဆာန်ကိုအဓိက ကွဲပြားခြားနားစေရုံသာမက ဤကမ္ဘာကို လူသားတို့အား စိုးမိုးစီမံစေ နိုင်သည့်အဓိကအကြောင်းအရင်းကြီးများလည်းဖြစ်ပါသည်။ စာပေ၏ ခေတ်အဆက်ဆက်အသိသုတများကို လက်ဆင့်ကမ်းပေးခြင်း ဂုဏ်သတ္တိကြောင့် ယနေ့လူသားတို့၏ အသိဉာဏ်မှာ မိမိတို့၏ သက်တမ်း တစ်ခုအတွင်း၌သာမူမတည်ဘဲ နှစ်ထောင်သောင်းချီမှ ဗဟုသုတ အသိဉာဏ်များကို ရယူလေ့လာနေနိုင်ကြခြင်းဖြစ်သည်။

သို့ဖြစ်၍ စာပေဖတ်ရှုခြင်း ဟူသည် လူသား တစ်ယောက်၏ အသိဉာဏ်တိုးမြှင့်ရေးအတွက် အရေးအကြီးဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းကြီးတစ်ရပ်ဖြစ်ရာ ဘဝတွင် ဖွံ့ဖြိုးတိုးတက်လိုသူ တစ် ယောက်အနေဖြင့် စာပေကို မဖြစ်မနေ ဖတ်ရှုလေ့လာရမည်ဖြစ်ပါ သည်။ စာပေဖတ်ရှုခြင်းအားဖြင့် စာရေးသူတို့အနေဖြင့် သတင်း အချက်အလက်ဗဟုသုတများကို သိရှိနိုင်သလို ဖျော်ဖြေမှုကိုလည်း ဖြစ်စေနိုင်ပါသည်။ ထို့အပြင် စာပေဖတ်ရှုခြင်းအားဖြင့် လောက၏ သဘော၊ လူတို့၏ သဘောကိုသိရှိနားလည်ပြီး ရင့်ကျက်မှုကိုလည်း ဖြစ်စေနိုင်ပါသည်။ စာပေဖတ်ရှုခြင်းဖြင့် ဦးနှောက်နှင့်အတွေးအခေါ်

ကိုလဲဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။

အနောက်တိုင်း၏ စာပေဖတ်ရှုမှုပုံစံနှင့် စာရေးသူတို့၏ မြန်မာ့စာပေဖတ်ရှုမှုပုံစံမှာ မတူညီကွဲပြားခြားနားပါသည်။ ဘဝတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်လိုသူတစ်ဦးအနေဖြင့် မြန်မာ့နည်းမြန်မာ့ဟန် စာပေဖတ်ရှုမှုပုံစံကို သိရှိနားလည်သဘောပေါက်ထားဖို့လိုအပ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုဟုဆိုလျှင် ဗုဒ္ဓယဉ်ကျေးမှုနှင့် ခွဲခြား၍မရသလို မြန်မာ့နည်းမြန်မာ့ဟန်စာပေဖတ်ရှုမှုပုံစံမှာ ဗုဒ္ဓစာပေကိုအခြေခံပါသည်။ အနောက်တိုင်းနှင့် ကမ္ဘာ့စာပေဖတ်ရှုမှုပုံစံမှာ "အတ္တ" ကို အခြေခံ၍ မြန်မာ့စာပေဖတ်ရှုမှုပုံစံမှာ "အနတ္တ" ကို အခြေခံပါသည်။ တစ်နည်းအားဖြင့် အနောက်တိုင်းနှင့် ကမ္ဘာ့စာပေဖတ်ရှုမှုပုံစံမှာ "အတ္တ" ကိုအခြေခံ၍ လောက၏ သဘောကိုနားလည်အောင်ကြိုးစားခြင်းဖြစ်ပြီး မြန်မာ့စာပေဖတ်ရှုမှုပုံစံမှာ "အနတ္တ" ကို အခြေခံ၍ လောက၏သဘောကိုနားလည်အောင်ကြိုးစားအားထုတ်ခြင်းဖြစ်သည်။

အနောက်တိုင်းနှင့် ကမ္ဘာ့စာပေဖတ်ရှုမှုပုံစံမှာ သိပ္ပံပညာကိုအခြေခံ၍ ရုပ်ဝတ္ထုများနှင့် ပတ်သက်၍ လောကအဖြစ်အပျက်များနှင့်ပတ်သက်၍ ကောင်းမွန်စွာ သိမြင်နားလည်အဖြေရှာနိုင်မှုကို ဦးတည်သည်။ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် စာပေဖတ်ရှုမှုပုံစံမှာ ဗုဒ္ဓစာပေကိုအခြေခံ၍ သိပ္ပံပညာ၏အားသာကျင်လည်ရာ မျက်စိ၊ နားစသော

ဒွါရငါးပါး ပညာရှင်ကို ကျော်လွန်၍ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု၊ မမှာရှိ စသည်တို့ကို ကောင်းမွန်စွာသိမြင်နားလည် အဖြေရှာနိုင် မှုကို ဦးတည်ပါသည်။



"ကိုယ်ကျင့်သိက္ခာမြင့်မားပြီး အသိဉာဏ်ဗဟုသုတ ပြည့်စုံမှုကို မြန်မာတို့က ဘုန်းကံကြီးမားသူအဖြစ် သတ်မှတ်ပါသည်။ သို့ဖြစ်၍ ဘုန်းကံကြီးမားလိုသူ (ဝါ) မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်လိုသူ တစ်ဦးအနေဖြင့် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် စာပေ ဖတ်ရှုလေ့လာရာတွင် အသိဉာဏ်ဗဟုသုတ ပြည့်စုံ မှုကိုသာမက ကိုယ်ကျင့်သိက္ခာပြည့်စုံ မြင့်မားမှု အတွက်ပါ ယှဉ်တွဲဖတ်ရှုလေ့လာကြရမည်ဖြစ်ပါသည်။"

# မြန်မာ့နည်း မြန်မာ့ဟန် ဖြင့်စာပေ ဖတ်ရှုလေ့လာခြင်း(ခ)

အနောက်တိုင်းနှင့် ကမ္ဘာ့စာပေဖတ်ရှုမှုပုံစံမှာ အသိဉာဏ် ဗဟုသုတပြည့်စုံမှုကို အဓိကဦးတည်ပြီး မြန်မာ့စာပေ ဖတ်ရှုမှုပုံစံမှာ ကိုယ်ကျင့်သိက္ခာပြည့်စုံမှုကို အဓိကဦးတည်ပါသည်။ သို့သော်. . . မြန်မာ့စာပေဖတ်ရှုမှုမှာ အသိဉာဏ် ဗဟုသုတ ပြည့်စုံမှုကိုလည်း အလေးပေးပြီး ကိုယ်ကျင့်သိက္ခာမြင့်မားပြီးအသိဉာဏ် ဗဟုသုတ ပြည့်စုံမှုကို မြန်မာတို့ကဘုန်းကံကြီးမားသူအဖြစ် သတ်မှတ်ပါသည်။ သို့ဖြစ်၍ ဘုန်းကံကြီးမားလိုသူ (ဝါ) မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်လိုသူတစ်ဦးအနေဖြင့် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် စာပေ ဖတ်ရှုလေ့လာရာတွင် အသိဉာဏ်ဗဟုသုတပြည့်စုံမှုကိုသာမက ကိုယ်ကျင့်

သိက္ခာပြည့်စုံမြင့်မားမှု အတွက်ပါ ယှဉ်တွဲ ဖတ်ရှုလေ့လာကြရမည် ဖြစ်ပါသည်။ အထူးသဖြင့် ဗုဒ္ဓစာပေများကို ဖတ်ရှုလေ့လာကြရာတွင် မကောင်းမှုဟူသမျှကို ရှောင်ခြင်းနှင့်ကောင်းမှုဟူသမျှကို ဆောင်ခြင်း ဟူသည့် သီလဝိသုဒ္ဓိဖြင့် ဖတ်ရှုပါက ပိုမိုအသိဉာဏ်ပွင့်လင်းနိုင်သည် ဟုဆိုပါသည်။ အနောက်တိုင်းနှင့်ကမ္ဘာ့စာပေ ဖတ်ရှုမှုပုံစံတွင် စာပေ လေ့လာဖတ်ရှုသူ၏ အကျင့်သီလ နှင့်ပတ်သက်၍ သီးခြားပြဋ္ဌာန်း ညွှန်းဆိုထားခြင်းမတွေ့ရပေ။

မြန်မာ့စာပေဖတ်ရှုမှုပုံစံအရ စာပေဖတ်ရှုလေ့လာသူတစ်ဦး သည် ဥပါဒါန်အကြောင်းအရင်းလေးပါးအရ ၎င်းဖတ်ရှုသည့်စာပေ အပေါ် နားလည်သိမြင်သဘောပေါက်မှု ကွဲပြားသွားနိုင်သည်ဟုဆို သည်။ ယင်းဥပါဒါန်အကြောင်းအရင်းလေးပါးမှာ -

(၁) ကာမုပါဒါန် (ပတ်ဝန်းကျင်၏သဘောသဘာဝ)

(၂) ဒိဋ္ဌုပါဒါန် (ပတ်ဝန်းကျင်၏အမြင်)

(၃) သီလဗ္ဗတုပါဒါန် (ပတ်ဝန်းကျင်၏ဓလေ့)

(၄) အတ္တဝါဒုပါဒါန် (မွေးရာပါအထုံ၊ ဉာဉ်)

တို့ဖြစ်သည်။

(၁) ကာမုပါဒါန် (ပတ်ဝန်းကျင်၏သဘောသဘာဝ)

ပတ်ဝန်းကျင်၏သဘောသဘာဝသည် လူသားတစ်ယောက်၏ အတွေးအခေါ်၊ အတွေးအမြင်နှင့်ခံစားနားလည်သဘောပေါက်မှုတို့

အပေါ်တွင် အနည်းနှင့်အများဆိုသလို လွှမ်းမိုးသက်ရောက်မှုရှိပါသည်။ ယင်းအပေါ်မူတည်၍ ဖတ်ရှုလေ့လာသည့်စာပေအပေါ် နားလည်သဘောပေါက်မှုကွဲပြားခြားနားနိုင်ပါသည်။

## (၂) ဒိဋ္ဌိပါဒါန် (ပတ်ဝန်းကျင်၏အမြင်)

ပတ်ဝန်းကျင်၏ သဘောသဘာဝအတိုင်းပတ်ဝန်းကျင်၏ အမြင်ကလည်း လူတစ်ယောက်၏ အသိအမြင်ကို လွှမ်းမိုးသက်ရောက်မှုရှိပါသည်။ ယင်းအပေါ်မူတည်၍ စာပေဖတ်ရှုလေ့လာရာတွင် နားလည်သဘောပေါက်ပုံကွဲပြား ခြားနားနိုင်ပါသည်။

## (၃) သီလဗ္ဗတုပါဒါန် (ပတ်ဝန်းကျင်၏ဓလေ့)

မိမိကြီးပြင်းရှင်သန်ပေါက်ဖွားနေထိုင်ရာပတ်ဝန်းကျင်၏ ဓလေ့ကလည်းမိမိ၏ သိမြင်နားလည်မှုအပေါ်တွင် များစွာလွှမ်းမိုးသက်ရောက်မှုရှိပါသည်။ သို့ဖြစ်၍ . . . နိုင်ငံခြားဘာသာပြန် စာပေများကို ဖတ်ရှုလေ့လာကြရာတွင် မိမိတို့နှင့် ဓလေ့ထုံးစံမတူညီသည့် အကြောင်းအရာများကို ဖတ်ရှုနားလည်သဘောပေါက်ရန် ခက်ခဲကြခြင်းဖြစ်သည်။

(၄) အတ္တဝါဒုပါဒါန် (မွေးရာပါအထုံ၊ ဉာဉ်)

ဤသည်မှာ ဘဝအဆက်ဆက်ဖြတ်သန်းလာရသည့် သံသရာအထုံနှင့်သက်ဆိုင်ပါသည်။ အချို့ကလည်း ဉာဉ်ဟုခေါ် ဆိုကြသည်။ လူတစ်ယောက်သည် ၎င်း၏ ဉာဉ်အရစာပေဖတ်ရှုလေ့လာရာတွင် နားလည်သဘောပေါက်ပုံကွဲပြားနိုင်ပါသည်။ အချို့ကလေးငယ်များသည် အသက်ငယ်ရွယ်သေးသော်လည်း အချို့ဘာသာရပ်များကို လူကြီးများထက်ပင် ပိုမိုနားလည်သဘောပေါက်နေသည်ကို ကြည့်ခြင်းဖြင့်သိသာနိုင်ပါသည်။

ယင်းဥပါဒါန်အကြောင်းအရင်းလေးပါးအရ မိမိတို့ စာပေဖတ်ရှုနားလည်သဘောပေါက်မှုပုံစံများကွဲပြားခြားနားနိုင်သည် ဖြစ်ရာ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် စာပေဖတ်ရှုလေ့လာသူတစ်ဦး အနေဖြင့် မိမိ၏ စာပေလေ့လာဖတ်ရှုမှုစွမ်းရည်ကို တိုးမြှင့်နိုင်စေရန် ဤအချက်များဖြင့်ဆင်ခြင်ညှိနှိုင်းလေ့လာသင့်ပါသည်။

စာပေဖတ်ရှုလေ့လာကြရာတွင် စာပေအမျိုးအစားများစွာရှိသလို အကြောင်းအရာအားဖြင့်လည်း ရေတွက်မကုန်အောင်များပြားပါသည်။ ယင်းတို့ထဲမှ မိမိတို့ကြိုက်နှစ်သက်ရာ စိတ်အားထက်သန်ရာ၊ အလျှဉ်းသင့်ရာ စာပေများကို ရွေးချယ်ဖတ်ရှုကြခြင်းဖြစ်သည်။ ၎င်းတို့အနက်စာကောင်းပေမွန်များကိုသာ ရွေးချယ်ဖတ်ရှုသင့်သည်ဟု အချို့က ဆိုကြပါသည်။ အမှန်စင်စစ် အကျင့်သီလဆောက်တည်

၍အလယ်အလတ် (မဇ္ဈိမပဋိပဒါ) အမြင်ဖြင့်ရှုမြင်ကာမြန်မာနည်း မြန်မာဟန်ဖြင့် စာပေဖတ်ရှုလေ့လာသူတစ်ဦးအနေဖြင့် မည်သည့်စာပေအမျိုးအစားကို ဖတ်ရှု ဖတ်ရှု နှလုံးသွင်းမှန်ကန်သဖြင့် အဆိပ်ကိုပင်ဆေးဖြစ်အောင်စွမ်းဆောင်နိုင်သကဲ့သို့ မိမိအတွက် အကျိုးရှိအောင်ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် စာပေဖတ်ရှုလေ့လာရာတွင် မိမိ၏အတ္တကို ဖယ်၍ စာရေးသူရေးသားသည့် အကြောင်းအရာ (သို့မဟုတ်) ဇာတ်ကွက်နှင့် မိမိတစ်သားတည်းဖြစ်သွားအောင် ဖတ်ရှုနိုင်လေလေ စာပါအကြောင်းအရာကို ပိုမိုခြုံငုံနားလည်သဘောပေါက်လေလေဖြစ်သည်။ ယင်းကို ဒဿနဗေဒအားဖြင့် သဏ္ဌိကတဉာဏ်ဟုခေါ်သည်။

မြန်မာ့ပုံစံစာပေဖတ်ရှုလေ့လာရာတွင် စာဖတ်သူအနေဖြင့် အသိဉာဏ်အဆင့်သုံးဆင့်ကွဲပြားခြားနားနေနိုင်သည်။ ယင်းသုံးဆင့်မှာ-

(၁) သုတဉာဏ်

(၂) အနုမိတဉာဏ်

(၃) သဏ္ဌိကတဉာဏ် တို့ဖြစ်သည်။

သုတဉာဏ်ဆိုသည်မှာ မျက်မြင်ကိုယ်တွေ့သိရှိနားလည်သောဉာဏ်ကို ဆိုလိုသည်။ အနုမိတဉာဏ်ဆိုသည်မှာ အကြောင်းအကျိုးကို ဆက်စပ်ပြီး ယုတ္တိဗေဒအရ သိမြင်နားလည်သော ဉာဏ်ကိုဆိုလိုခြင်းဖြစ်သည်။ သဏ္ဌိကတဉာဏ်မှာအဆင့်အမြင့်ဆုံးဖြစ်ပြီး ကိုယ်တိုင်

ဖြစ်ကြည့်သောညာဏ်ဟုဆိုနိုင်သည်။

မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်လိုသူတစ်ယောက် အနေဖြင့် မြန်မာ့ပုံစံဖြင့် စာပေဖတ်ရှုလေ့လာရာတွင် သစ္စာကတညာဏ် အဆင့်ရောက်အောင် ဖတ်ရှုလေ့လာနိုင်ဖို့လိုပါသည်။



"အမှန်စင်စစ် ပညာဟူသည် အဟုတ်နှင့် မဟုတ် တို့ကို ဆက်စပ်သိရှိခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ပညာရှိသူ တစ်ဦးအနေဖြင့် အဟုတ်ကို ဆောင်၍ မဟုတ်ကို ရှောင်နိုင်ရမည်။"

# ပညာဖြင့် ဘဝကိုချဲ့ထွင်ခြင်း

မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်လိုသူတစ်ဦး အနေဖြင့် စစ်မှန်သော ပညာဖြင့် မိမိတို့၏ ဘဝကို ကျယ်ပြန့်နက်ရှိုင်းလာအောင် ချဲ့ထွင်ဖို့ လိုအပ်သည်။ ဤလောကဣ် အထက်သို့ တက်လာသည့် အရာတိုင်းအောက်သို့ပြန်ကျရန်စွမ်းအင် (သို့မဟုတ်) အားပါရှိလာသည်ဖြစ်ရာ မိမိတို့၏ ဘဝကို ချဲ့ထွင်မြင့်မားအောင်မြင်အောင် ကြိုးစားကြရာ၌ စစ်မှန်သောပညာဖြင့် ဆင်ခြင်သုံးသပ်ကြိုးစားနိုင်ကြဖို့ လိုသည်။ အမှန်စင်စစ်ပညာဟူသည် 'အဟုတ်'နှင့် 'မဟုတ်'တို့ကို ဆက်စပ်သိရှိခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ပညာရှိသူတစ်ဦးအနေဖြင့် အဟုတ်ကို ဆောင်၍ မဟုတ်ကိုရှောင်နိုင်ရမည်။

ယနေ့ခေတ်သည် ပညာခေတ်ကြီးဖြစ်သည့် အလျောက် ပညာကို ဘဝတစ်သက်တာ စဉ်ဆက်မပြတ် သင်ယူနေရမည်ဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာအရ သံသရာ တလျှောက်လုံး ဘဝအဆက်ဆက် သင်ယူဖြည့်ဆည်းနေကြရခြင်း ဖြစ်သည်။ လူတော်တော်များသည် ဘဝတွင် အောင်မြင်မှုများ မရရှိ စဉ်က ကြိုးစားပမ်းစားသင်ယူ လေ့လာခဲ့ကြသော်လည်း အထိုက် အလျောက် အတိုင်းအတာ တစ်ခု အထိအောင် မြင်လာသည့်အခါ သင်ယူမှုကို ရပ်တန့်ပစ် (သို့မဟုတ်) အရှိန်လျှော့ပစ်လိုက်ကြသည်။ဤသည်က အမိက အမှားကြီးပင်။

သင်ယူမှုကိုရပ်တန့်ပစ်လိုက်သည်နှင့် စာရေးသူတို့၏ ဖွံ့ဖြိုး တိုးတက်နိုင်မှု(ဝါ) ချဲ့ထွင်ကျယ်ပြန့်နိုင်မှုများအားလုံးရပ်တန့်သွားမည် ဖြစ်သည်။ လူသည် ပညာအထိုက်အလျောက်တတ်မြောက်လာသည့် အခါ ပညာမာနဝင်လာ၍ မိမိကိုယ်ကို ဘဝင်မြင့်ကာ မိမိထက်သာလွန် ထူးချွန်မြင့်မားသူများထံမှသာ သင်ယူလိုလာသည်။ ဤသည်ကလည်း သင်ယူမှုနှင့် ပတ်သက်၍ အမှားကြီးတစ်ရပ်ပင်ဖြစ်သည်။ ဥပမာ- စာရေးသူက တစ်ရာဖိုးတတ်မြောက်သည်ဆိုပါစို့။ စာရေးသူအနေဖြင့် စာရေးသူထက်ပိုမိုတတ်မြောက်သူ (ဝါ) တစ်ရာ ဖိုးထက်ပိုမိုတတ်မြောက် သူများထံမှသာ သင်ယူမည်ဆိုလျှင် စာရေးသူ ၏ဘဝမြင့်မားချဲ့ထွင် အောင်မြင်လာသည်နှင့်အမျှ စာရေးသူအနေဖြင့် သင်ယူရမည့်သူနှင့် သင်ယူစရာ အခွင့်အလမ်းများတစ်စတစ်စ နည်းပါး လာမည်ဖြစ်သည်။

သင်ယူမှုလျော့နည်းကျဆင်းလာသည်နှင့်အမျှ စာရေးသူ၏အောင်မြင်မှုမှာလည်း တဖြည်းဖြည်း မှေးမှိန်လာမည် ဖြစ်သည်။ ထိုသို့မဟုတ်ပဲ စာရေးသူအနေဖြင့် တစ်ရာဖိုးတတ်မြောက် သော်လည်း နှစ်ကျပ်ဖိုး လောက်သာတတ်မြောက်သူထံမှ သင်ယူလေ့လာ နိုင်သည်။ အဆိုပါ နှစ်ကျပ်ဖိုး တတ်မြောက်သူထံတွင် ရှိသော ပညာနှစ်ကျပ်ဖိုးသည် စာရေးသူထံ တွင် ယခင်ကမရှိပါက သင်ယူပြီး သည့်အခါ စာရေးသူထံတွင် တစ်ရာ့နှစ်ကျပ်ဖိုးတတ်မြောက်သွားသည့် သဘောဖြစ်သည်။ သင်ယူနိုင် လေလေဘဝတွင်ခြေထွင်အောင်မြင်နိုင် လေလေဖြစ် ပါသည်။

တစ်ဖန် မိမိတတ်မြောက်ထားသည့် ပညာတစ်ရပ်ကို အခြေအနေအရ လွှတ်ချသင့်လျှင် လွှတ်ချင့်ရမည်ဖြစ်ပြီး တယူသန်ခေါင်းမာစွာ စွဲကိုင်မထားဖို့လိုသည်။ ဤအခြင်းအရာနှင့်ပတ်သက်၍ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဓမ္မပဒတို့၌ လာသည့် ဝင်္ဂီသပုဏ္ဏားအကြောင်းကို ဥပမာ ဆောင်လိုပါသည်။

ဂေါတမမြတ်စွာဘုရားပွင့်တော်မူသောအခါ၌ သာဝတ္ထိပြည်တွင် ဝင်္ဂီသဟူသော ပုဏ္ဏားသည် 'ဆဝသီသ'မည်သော မန္တာန်ကို တတ်မြောက်သဖြင့် သေပြီးသောသူ၏ ဦးခေါင်းရိုးကို လက်သည်းဖြင့်ခေါက်ရုံမျှဖြင့် ဤသူသည် ငရဲပြည်၌ဖြစ်၏။ ဤသူသည် တိရစ္ဆာန်ဖြစ်နေ၏။ ဤသူသည် လူ့ပြည်၌ဖြစ်၏စသည်ဖြင့်ပြောဆိုနိုင်သည်ဟူ၏။ ဤနည်းဖြင့် ဝင်္ဂီသ ပုဏ္ဏားသည် ပုဏ္ဏားငယ်တို့၏ ဆရာအကြီးမှူးပြု၍ ဥစ္စာရှာ

ဖွေကာနေလေ၏။ တစ်နေ့ ဝင်္ကီသပုဏ္ဏားသည် ဇေတဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားရှင်၏ ဂုဏ်သတင်းကို ကြားသိရသည့်အခါ မြတ်စွာဘုရားကို သွားရောက်ဖူးမြော်လေသည်။ ဘုရားရှင်ရှေ့တော်မှောက်သို့ရောက်လာသောအခါ ဝင်္ကီသပုဏ္ဏားက သင့်ရာနေရာ၌နေ၍ "အရှင်ဘုရား. . . ကိုယ်တော်မြတ်ကို အလွန်ပညာရှိသောပုဂ္ဂိုလ်ဟူ၍ ပြောဆိုချီးမွမ်းကြပါသည်။ အကျွန်ုပ်သည် ဤသာဝတ္ထိပြည်၌ ပညာရှိတစ်ယောက်ပင်တည်း။ ပညာချင်းနှိုးနှောပါရစေ။ အရှင်မြတ်ကသာလျှင်လည်း ကျွန်ုပ်ကိုမျှတော်မူပါ။ အကျွန်ုပ်ကသာလျှင်လည်း အရှင်မြတ်ကို လျှပါအံ့" ဟူ၍ လျှောက်သည်။ ထိုအခါဘုရားရှင်က "ဝင်္ကီသ. . . သင်သည် အဘယ်သို့သော အတတ်ပညာကို တတ်သနည်း"ဟု ပြန်မေး၏။

ထိုအခါပုဏ္ဏားက

"အရှင်ဘုရား. . . အကျွန်ုပ်ကား အများတတ်သောဗေဒင်ကိုလည်း တတ်မြောက်ပါသည်။ အရိုးကို ခေါက်လျှင်လားရာ ဂတိကို သိတတ်သော ဆဝသီသမန္တန်ကိုလည်း တတ်ပါသည်" ဟုပြန်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားရှင်က သေပြီး၍ ငရဲသို့သွားရသောသူတစ်ဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း၊ လူ့ပြည်၌ ဖြစ်သောလူတစ်ဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း၊ နတ်ပြည်၌ ဖြစ်သောသူတစ်ဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း၊ နိဗ္ဗာန်ယူသော ရဟန္တာတစ်ပါး၏

ဦးခေါင်းရိုးကိုလည်းကောင်း တန်ခိုးတော်ဖြင့်ယူ၍ပြ၏။

ဝင်္ကီသပုဏ္ဏားလည်း ပထမအရိုးကိုလက်သည်းဖြင့် ခေါက်၍ မန္တာန်ရွတ်ပြီးသော် ဤသတ္တဝါသည် ငရဲသို့ လားပါ၏ ဟုလျှောက်သည်။ မြတ်စွာဘုရားရှင်က

"ဝင်္ကီသ... မှန်ပါသည်... သင်သည် သိမြင်ပေစွ... ဤဒုတိယ အရိုးကို ဆိုဦးလော့" ဟု ချီးမွမ်း၍မေး၏။

ဝင်္ကီသပုဏ္ဏားလည်း မန္တာန်ရွတ်၍ လက်သည်းဖြင့်ခေါက်ပြီးလျှင် "ဤသတ္တဝါကား လူ့ပြည်၌ဖြစ်၏" ဟုလျှောက်ပြန်သည်။

မြတ်စွာဘုရားရှင်လည်းရှေးက အတိုင်းချီးမွမ်း၍ တတိယအရိုးကိုထပ်မံမေးမြန်းသည်။

ပုဏ္ဏားလည်း ရှေ့နည်းအတိုင်း မန္တာန်ရွတ်ပြီးလျှင် "ဤသတ္တဝါကား နတ်ရွာသို့လား၏" ဟုပြန်လျှောက်ပြန်သည်။

မြတ်စွာဘုရားရှင်လည်း ရှေးကအတိုင်း ချီးမွမ်း၍ စတုတ္ထအရိုးကို မေးမြန်းပြန်သည်။

ဝင်္ကီသလည်း မန္တာန်ကို အခါခါရွတ်၍ လက်ဖြင့်အကြိမ်ကြိမ်ခေါက်ပါသော်လဲ လားရာကို မသိနိုင်၍ပရိသတ်တို့အားရှက်နိုးစွာလျက် ချွေးအဖြာဖြာစီးထွက်၍ ဆိတ်ဆိတ်သာနေ၏။

ဘုရားရှင်က "သင် မဆိုနိုင်ပြီလော" ဟုမေး၏။ မဆိုနိုင်ပါကြောင်းကိုလျှောက်လျှင် ဘုရားရှင်က "သင်သည် မှန်ကန်သော

စကားရှိ၏။ သူတော်ကောင်းပညာရှိပီစွ။ ဤသို့ဝစီသစ္စာရှိသောသူမှ ထူးမြတ်သောပညာကိုရရာသတည်း" ဟု မိန့်တော်မူ၏။ ထိုအခါ ပုဏ္ဏားလည်း "အရှင်ဘုရား သိလျှင်ဆိုတော်မူပါလော့" ဟု လျှောက်သော် မြတ်စွာဘုရားရှင်က တရားဂါထာဖြင့် ရဟန္တာပုဂ္ဂိုလ်၏ အရိုးဖြစ်ကြောင်း၊ နိဗ္ဗာန်သို့ရောက်ကြောင်းပြဆိုတော်မူလျှင် ဝကီသပုဏ္ဏားလည်းပညာကြီးသောပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ မြတ်စွာဘုရားရှင်ထံ၌ ရဟန်းပြု၍ တရားအားထုတ်ကာ ရဟန္တာအဖြစ်သို့ရောက်လေသည်။

ဤဝကီသ ပုဏ္ဏားသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးချီးမွမ်းတော်မူသည့် အတိုင်း သူတော်ကောင်းပညာရှိ ပီသစွာဖြင့် မိမိတတ်ထားသည့်အတတ်ပညာကို အတ္တမာနဖြင့်ဆုပ်ကိုင်မထားပဲ မိမိတိုးတက်ရာတိုးတက်ကြောင်းကို စဉ်ဆက်မပြတ်သင်ယူလိုသူတစ်ယောက်ဖြစ်ကြောင်းသိနိုင်ပါသည်။ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဘဝတွင် တိုးတက်ချဲ့ထွင်အောင်မြင်လိုသူ များအနေဖြင့်လည်း ဝကီသပုဏ္ဏားကို အတုယူကာ မိမိတို့ဖွံ့ဖြိုးတိုးတက်ရာတိုးတက်ကြောင်း ပညာကို ဘဝတွင်စဉ်ဆက်မပြတ်ချဲ့ထွင် သင်ယူနေကြရမည်ဖြစ်ပါသည်။



"အနောက်တိုင်းနှင့် ကမ္ဘာ့ပုံစံ အောင်မြင်မှုက အောင်မြင်မှုကို ရရှိခြင်း၊ ရယူခြင်းဟု သတ်မှတ်ပြီး မြန်မာ့ပုံစံ အောင်မြင်မှုက အောင်မြင်မှုကို အများအတွက် တည်ဆောက်ခြင်းဟု သတ်မှတ်သည်မှာ ထူးခြားသည့်အချက်ဖြစ်သည်။"

# အလယ်အလတ် လမ်းစဉ်ဖြင့် အောင်မြင်မှုကို တည်ဆောက်ခြင်း

မြန်မာ့ယဉ်ကျေးမှုဟူသည် ဗုဒ္ဓယဉ်ကျေးမှုကို အခြေပြုခြင်း ဖြစ်၍ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်အောင်ကြိုးစား ကြရာတွင် ဗုဒ္ဓယဉ်ကျေးမှု၏နည်းပေးလမ်းပြမှုများ များစွာပါဝင်နေပါသည်။ မြန်မာ့ပုံစံအောင်မြင်မှုသည်. . အလယ်အလတ် လမ်းစဉ်ဖြင့်အောင်မြင်မှုကို ချဉ်းကပ်ပါသည်။ အနောက်တိုင်း နှင့် ကမ္ဘာ့ပုံစံအောင်မြင်မှုက အောင်မြင်မှုကို "ရရှိခြင်း"၊ "ရယူခြင်း" ဟုသတ်မှတ်ပြီး မြန်မာ့ပုံစံ အောင်မြင်မှုက အောင်မြင်မှုကို အများအတွက် "တည်ဆောက်ခြင်း" ဟု သတ်မှတ်သည်မှာ ထူးခြားသည့် အချက်ဖြစ်သည်။

ဥပမာ - အနောက်တိုင်းနှင့် ကမ္ဘာ့ပုံစံအရ အောင်မြင်မှုရရှိအောင်ကြိုးပမ်းဆောင်ရွက်ကြရာတွင်. .

(၁) မိမိ၏အကျိုးစီးပွားကိုဆောင်ရွက်ခြင်း

(၂) အများအကျိုးစီးပွားကိုဆောင်ရွက်ခြင်း

(၃) ကမ္ဘာလောက၏ အကျိုးစီးပွားကိုဆောင်ရွက်ခြင်းစသည်ဖြင့် ရှေးဦးစွာ မိမိ၏အကျိုးစီးပွားကို ဆောင်ရွက်ပြီးမှ အများအကျိုးစီးပွား၊ ကမ္ဘာလောက၏ အကျိုးစီးပွားများကို အဆင့်ဆင့်ဆောင်ရွက်သွားရန် ညွှန်ကြားထားသော်လည်း. . . ရတနသုတ် ပရိတ် အဖွင့်တွင် လူသား၏ တာဝန်သုံးမျိုးကို အောက်ပါအတိုင်းညွှန်ကြားထားပါသည်။

(၁) လောက၏ အကျိုးကို ဆောင်ရွက်ခြင်း (လောကတ္ထစရိယာ)

(၂) မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးကိုဆောင်ရွက်ခြင်း(ဉာတတ္ထစရိယာ)

(၃) မိမိ၏အကျိုးစီးပွားကိုဆောင်ရွက်ခြင်း (အတ္တတ္ထစရိယာ)

ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် အောင်မြင်အောင်ဆောင်ရွက်ခြင်းဆိုသည်မှာ လူအများထံမှ ရယူကာ မိမိ၏အောင်မြင်မှုကို ဖန်တီးခြင်းမဟုတ်ပဲ. . . မိမိ၏အောင်မြင်မှုကိုတည်ဆောက်ကာ အများအကျိုးအတွက် ဆောင်ရွက်ခြင်းကို ဆိုလိုရင်းဖြစ်သည်။ ဤအခါတွင် မိမိ၏အကျိုးစီးပွားကလည်း ကျွဲကူးရေပါဆိုသလို ဒွန်တွဲပါလာမည်ဖြစ်သည်။ မိမိက အခြားသူများကို တန်ဖိုး

ပေါင်းထည့်ပေးနိုင်လေလေ... မိမိ၏ တန်ဖိုးတက်လာလေလေ ဆိုသည့် သဘောဖြစ်သည်။

အလယ်အလတ်နှလုံးသွင်း၍ ကြိုးစားအားထုတ်ခြင်း



ပျင်းရိခြင်း ←→ အလွန်အကျွံလောဘဖြစ်ခြင်း

ဖော်ပြပါပုံအတိုင်းအားထုတ်မှုမရှိပဲ ပျင်းရိနေခြင်းမဟုတ်ပဲ မိမိ၏ တကိုယ်ရည်အတ္တတစ်ခုတည်းအတွက် အလွန်အကျွံလောဘတက်ကာဆောင်ရွက်ခြင်းမျိုးလည်း မဟုတ်ပဲ ကမ္ဘာလောကအကျိုး၊ မိမိနိုင်ငံလူမျိုးအကျိုး၊ မိမိအကျိုးကို အလယ်အလတ် မျှတစွာ နှလုံးသွင်း၍ ကိုယ်ကျင့်တရားမြင့်မားစွာ၊ အသိဉာဏ်ဗဟုသုတ ပြည့်စုံစွာ ကြိုးစားအားထုတ်ခြင်းကိုဆိုလိုခြင်းဖြစ်သည်။

စာရေးသူတို့သည် ပုထုဇဉ် လူသားများသာဖြစ်၍ လောက၏ ကောင်းခြင်းဆိုးခြင်း၊ ကုသိုလ်၊ အကုသိုလ်စသည်တို့ကို တိုက်ရိုက် မပြုပြင်မဖန်တီးနိုင်ပါ။ ဆိုလိုသည်မှာ လောကတွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်ခပ်သိမ်းကို စာရေးသူတို့အနေဖြင့် တိုက်ရိုက်မထိန်းချုပ် မပြုပြင်နိုင်ပဲ စာရေးသူတို့၏ စိတ်ခံစားမှု၊ ရှုမြင်မှု၊ နှလုံးသွင်းတို့ကိုသာ ထိန်းချုပ်ပြုပြင်နိုင်သည့်သဘောဖြစ်သည်။ ဤသည်ကို အသင့်အတင့်

နှလုံးသွင်းခြင်း (ယောနိသော မနသိကာရ)ဟုခေါ်သည်။ အသင့်အတင့် နှလုံးသွင်းလာနိုင်လေလေ... လောကဓံကို ပိုမိုရင်ဆိုင်လာနိုင်လေလေဖြစ်ပြီး ဘဝတွင် အောင်မြင်မှုများတည်ဆောက်လာနိုင်ကြမည် ဖြစ်ပါသည်။

ဤသည်ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်၌ မြတ်စွာဘုရားရှင်က အတိအကျဟောပြောညွှန်ကြားတော်မူထားသည်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်အရ လောဘဖြစ်ခြင်းထက် လောဘဖြစ်ခြင်းကိုသိဖို့၊ ဒေါသဖြစ်ခြင်းထက် ဒေါသဖြစ်နေခြင်းကိုသိဖို့၊ ကုသိုလ်တရားများ ဖြစ်နေလျှင်လည်း ယင်းကုသိုလ်တရားများဖြစ်ခြင်းထက် ကုသိုလ်တရားများဖြစ်နေခြင်းကိုသိဖို့လိုကြောင်း၊ ပို၍အရေးကြီးကြောင်း ဖြစ်သည်။ ဤသည်ကို ယထာဘူတ ဉာဏ်ဟုခေါ်သည်။ ဤသို့ ယထာဘူတ ဉာဏ်ဖြင့်မရှုမြင်ပဲ လောဘ၊ ဒေါသ၊ မောဟတရားများ ဖြစ်ပေါ်လာမည်ကို တွေးပူနေပါက ဆိုင်ရာဆိုင်ရာ ဉာဏ်များမလာနိုင်တော့ကြောင်းကိုလည်း ရှင်သာရိပုတ္တရာက ရှင်အနုရုဒ္ဓါအား ဟောကြားတော်မူခဲ့ကြောင်း မဟာဗုဒ္ဓဝင်၌ ဖော်ပြထားပါသည်။

လောကဓံကို ရင်ဆိုင်၍ အောင်မြင်မှုကိုတည်ဆောက်ကြရာတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ လောက၏ ကောင်းခြင်း၊ ဆိုးခြင်း၊ ကောင်းမှု၊ ဆိုးမှုများကို တွေးတောပူပင်မနေပဲ ဖြစ်ပေါ်လာသည့် အဖြစ်အပျက်များကို ယထာဘူတဉာဏ်ဖြင့် ရှုမြင်ရင်ဆိုင်ပြီး ကြိုးစား

အားထုတ်ကြဖို့ ဖြစ်သည်။ တကယ့်တကယ်တွင်လည်း လောက၌ မိမိတို့ စိုးရိမ်ပူပန်နေသည့်အရာ တစ်ရာရာခိုင်နှုန်းလျှင် ငါးရာခိုင်နှုန်း ခန့်ပင်လက်တွေ့ဖြစ်မလာတတ်ကြောင်း ဖြစ်ရပ်များက သက်သေခံ နေပါသည်။

မြန်မာနည်း မြန်မာ့ဟန်ဖြင့် အောင်မြင်မှုကို တည်ဆောက် ခြင်းသည် ကျန်းမာခြင်း၊ ကိုယ်ကျင့်သိက္ခာတရားနှင့်အညီ ကျင့်သုံး နေထိုင်ခြင်းတို့ကိုဦးစားပေးတန်ဖိုးထားပါသည်။ ဇာတက ပါဠိတော်၌ ကြီးပွားနည်း ခြောက်မျိုးကို ယခုလိုဖော်ပြထားပါသည်။

<u>ကြီးပွားနည်း ခြောက်မျိုး</u>

(၁) ကျန်းမာခြင်း

(၂) ကိုယ့်ကျင့်သိက္ခာကောင်းမွန်ခြင်း

(၃) ပညာရှိတို့၏ ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်ခြင်း

(၄) မိမိတို့နှင့်သက်ဆိုင်ရာဗဟုသုတကြွယ်ဝခြင်း

(၅) တရားနှင့်အညီ ကျင့်သုံးနေထိုင်ခြင်း

(၆) မဆုတ်မနစ်သောလုံ့လဝီရိယရှိခြင်း

မြန်မာတိုင်း မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် တရားသဖြင့် အောင်မြင် အောင်ကြိုးစားကြပါက အောင်မြင်သော မြန်မာများ ဖြစ်လာမည်ဖြစ်သည်။ အောင်မြင်သောမြန်မာများ များပြားလာပါက မြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် အောင်မြင်သည့်နိုင်ငံတစ် နိုင်ငံ

အဖြစ် ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်လာနိုင်မည်ဖြစ်ပါသည်။ နောင်မျိုးဆက်သစ်မြန်မာတို့ကို ပိုမိုကောင်းမွန်ပြည့်စုံအောင်မြင်သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကို လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့ မြန်မာတွေအားလုံး မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်အောင် စည်းလုံးညီညွတ်စွာ ကြိုးစားအားထုတ်ကြပါစို့ ။ ။

ချစ်ခင်စွာဖြင့်

လင်းသိုက်ညွန့် (မြန်မာ့မြေ)

(www.lynnthaiknyunt.com)

## ကျမ်းကိုးစာရင်း


၁။ မဟာဗုဒ္ဓဝင်

၂။ ဇာတကပါဠိတော်

၃။ အင်္ဂုတ္တိုရ်အဋ္ဌကထာ

၄။ ဓမ္မပဒ

၅။ စွယ်စုံကျော်ထင်ကျမ်း (ကျီးသဲလေးထပ်ဆရာတော်ကြီး)

၆။ ကန်တော်မင်းကျောင်း မေတ္တာစာ
(တောင်တွင်းမင်းကျောင်းဆရာတော်)

၇။ ပါဠိ - မြန်မာအဘိဓာန် (ဦးဟုတ်စိန်)

၈။ စာဖတ်သူများ (ဦးရွှေအောင်)

၉။ လောကနီတိ (သုခ)

၁၀။ မေတ္တသုတ် (သုခ)

၁၁။ မင်္ဂလသုတ် (သုခ)

၁၂။ ရတနသုတ် (သုခ)

၁၃။ သုတရသ ဓမ္မစာစုံ (သုခ)

၁၄။ ဇော်ဂျီ၏ စာရှုခင်း (၁) (ဇော်ဂျီ)

၁၅။ မြန်မာစကား (ဦးဖေးချို - မဟာဝိဇ္ဇာ)